# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ၂၀၂၁ ခုနှစ်၊ မေ ၁၄ ရက်၊ သောကြာနေ့ အတွဲ (၆၀)၊ အမှတ် (၂၂၃)


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရားဌ်တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ-၂၁၇)

## စစ်အုပ်ချုပ်ရေးအမိန့် အမှတ်၊ ၄ / ၂၀၂၁ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၄ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**( ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်း အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်။

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍ လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယနေ့ မာ တိ ကာ**

**စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၅ / ၂၀၂၁ ထုတ်ပြန်**

စာ - ၅

**ဝိုင်းဝန်းဟန့်တား အကြမ်းဖက်သမား**

ဆောင်းပါး စာ - ၆

**အဆင်ပြေသွားမှာပါ**

ဆောင်းပါး စာ - ၂၂

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီ(NSPNC)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)တို့ တွေ့ဆုံညှိနှိုင်း

**နေပြည်တော် မေ ၁၃**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)တို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဓာတ်ပုံ)



အစည်းအဝေးသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကော်မတီဝင်များ၊ ကော်မတီအတွင်းရေးမှူးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)တို့ တက်ရောက်ကြ ပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့်အဖွဲ့ဝင်များ တက်ရောက်ကြ သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✻




မြန်မာ့အလင်း

# အာဏာလောဘနှင့် ခြေရာလက်ရာများ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှု အခြေအနေများအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးတွေ့ရှိမှုများကို သတင်းထုတ်ပြန်လိုက်ရာ ဥပဒေနှင့်မညီညွတ်မှုများ၊ မှားယွင်းမှုများ၊ ပျက်ကွက်မှုများနှင့် ရွေးကောက်ပွဲ၏ တရားမျှတမှုနှင့် လွတ်လပ်သန့်ရှင်းမှုအပေါ် သံသယဖြစ်ဖွယ်ရာ အချက်အလက်များ ပေါ်ထွက်လာသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၎င်း၏မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများကို သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ သက်ဆိုင်ရာ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့်အတူ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

စစ်ဆေးတွေ့ရှိချက်များအရ ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်အတွင်း ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းနှင့် လ.ဝ.က ၏ (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ လူဦးရေစာရင်းတို့ ကွာခြားချက် နှစ်သန်းကျော်ရှိနေသည်။ မဲစာရင်းများတွင် မည်သည့်နိုင်ငံသားလက်မှတ်အထောက်အထားမျှမရှိသူ ခုနစ်သိန်းခွဲခန့်၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် သုံးကြိမ်အထက် ပါဝင်သူတစ်သောင်းကျော်၊ နှစ်ကြိမ်ပါဝင်သူ နှစ်သိန်းခုနစ်သောင်းခန့် ပါဝင်နေသည်။ ဤသည်မှာ မဲစာရင်းကောက်ယူမှု ဥပဒေနှင့် မညီညွတ်သောကြောင့် ဖြစ်သည်။ ထို့အပြင် တရားမဝင်ဆောင်ရွက်မှုများကြောင့် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ အပိုတွေ့ရှိခြင်း၊ အသုံးပြုခဲ့သည့်မဲထက် ခိုင်လုံမဲအရေအတွက်က ပိုနေခြင်း၊ ဥပဒေနှင့်မညီသည့် ကြိုတင်မဲကောက်ခံမှုများရှိခဲ့ခြင်း စသည်တို့ အပါအဝင် အာဏာရပါတီနှင့် အစိုးရတို့၏ လွှမ်းမိုးမှုများကိုပါ စိစစ်တွေ့ရှိခဲ့ခြင်းလည်းဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အင်န်အယ်လ်ဒီပါတီသည် အာဏာရပါတီအနေဖြင့် အားသာချက်ရှိပြီးဖြစ်သည့်အပြင် သာမန်အားဖြင့်ပင် ရွေးကောက်ပွဲတွင် အနိုင်ရရှိမည့် အခြေအနေများရှိနေပါလျက်နှင့် အိတ်သွန်ဖာမှောက် လုံးဝအနိုင်လိုသည့် လောဘဇောကြောင့် ဥပဒေကို ကျော်လွန်ဆောင်ရွက်မှုများ၊ နိုင်ငံတော်အာဏာကို အပိုင်စီးလိုသည့် လုပ်ရပ်များ ဆောင်ရွက်ခဲ့ခြင်းလည်း ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် အချုပ်အခြာအာဏာကို ပြည်သူလူထုက ပိုင်ဆိုင်ပြီး ပြည်သူလူထုကိုယ်စား ရွေးကောက်ပွဲများမှ တင်မြှောက်ပေးလိုက်သည့် အစိုးရက အချုပ်အခြာအာဏာကို ကိုယ်တွယ်ကျင့်သုံးကြခြင်းဖြစ်သည်။ အစိုးရ၏ဆုံးဖြတ်ချက်များကို လူများစု၏ဆန္ဒနှင့်အညီ ချမှတ်ကြရသော်လည်း လူနည်းစု၏အမြင်သဘောထားတို့ကို မပစ်ပယ်ဘဲ လေးစားကြရသည်။ ဒီမိုကရေစီစနစ်ရှင်သန်ထွန်းကားရေးအတွက် သန့်ရှင်းလွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ မှန်မှန်ကျင်းပရေးမှာ လွန်စွာအရေးကြီးသည်။ ယင်းသို့ဖြစ်ရန်မှာလည်း ရွေးကောက်ပွဲကော်မရှင်သည် အာဏာရပါတီနှင့် အစိုးရအဖွဲ့တို့၏ ဩဇာလွှမ်းမိုးမှုမှ လွတ်ကင်းရန်နှင့် ဘက်လိုက်မှုကင်းရှင်းရန်လည်း လိုအပ်သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ မကျင်းပမီ အကြိုကာလကတည်းကပင် ရွေးကောက်ပွဲဝင်မည့် ပါတီများနှင့် ရွေးကောက်ပွဲကော်မရှင်၊ မီဒီယာများနှင့် ရွေးကောက်ပွဲကော်မရှင်တို့အကြား ဆူဆူညံညံအသံများစွာ ပေါ်ထွက်ခဲ့သည်။ ပါတီများက တပ်မတော်ကို သွားရောက်တိုင်တန်းခဲ့သည့် သတင်းများကိုလည်း ဖတ်ရှုခဲ့ကြရသည်။ ထိုစဉ်က အာဏာရအစိုးရသည်လည်းကောင်း၊ ကော်မရှင်သည်လည်းကောင်း ဒီမိုကရေစီယဉ်ကျေးမှုအရ အလေးဂရုပြုကာ ဆွေးနွေးမှု၊ ညှိနှိုင်းမှု၊ ပြေလည်အောင် ဖြေရှင်းမှုတစ်ခုမှ မပြုလုပ်ခဲ့ဘဲ လျစ်လျူရှုခဲ့သည်။ ထိုစဉ်ကတည်းက စတင်ခဲ့သည့် မီးပွင့်၊ မီးစများကို ငြိမ်းသတ်နိုင်ခဲ့မည်ဆိုလျှင် ယနေ့ဖြစ်ပေါ်နေသည့် မီးတောက်မီးလျှံများ ဖြစ်မလာနိုင်။ သမိုင်းတွင် သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်ဟု ရှုမြင်နိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID-19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှုမရှိစေရေး အသိပေး / သတိပေးနှိုးဆော်ချက် (၃)

နေ့စွဲ-(၇.၅.၂၀၂၁)

ကိုရိုနာဗိုင်းရပ်စ် (COVID–19) ကပ်ရောဂါသည် ကမ္ဘာတစ်ဝှမ်းလုံးတွင် အရှိန်အဟုန်ဖြင့်ဆက်လက် ကူးစက်ပြန့်ပွားလျက်ရှိရာ ရောဂါကူးစက်ဖြစ်ပွားသူဦးရေ (၁၅၆.၇) သန်းကျော်၊ ရောဂါကြောင့် သေဆုံးသူဦးရေ (၃.၂) သန်းကျော်ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်းနိုင်ငံအချို့တွင်လည်း ရောဂါသည် အရှိန်အဟုန်ဖြင့် ကူးစက်ဖြစ်ပွားလျက်ရှိနေသည်ကို တွေ့ရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါ (COVID–19) နောက်ထပ်လှိုင်းတစ်လှိုင်းအဖြစ် ပြင်းထန်စွာကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် မျိုးရိုးဗီဇပြောင်းလဲနေသော ကိုဗစ်–၁၉ ရောဂါပိုးများ မိမိတို့နိုင်ငံအတွင်းသို့ဝင်ရောက်၍ ကူးစက်ပြန့်ပွားခြင်းမရှိစေရန် အောက်ဖော်ပြပါ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို **“ကိုရိုနာဗိုင်းရပ်စ်ရောဂါမိမိကစ၍ ကာကွယ်ပါ”** ဟူသည့် ဆောင်ပုဒ်အတိုင်း အားလုံးကိုယ်စီ မဖြစ်မနေလိုက်နာဆောင်ရွက်ကြပါရန် အသိပေး/သတိပေး နှိုးဆော်တိုက်တွန်းအပ်ပါသည်–

(၁) အိမ်အပြင်ထွက်လျှင် ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျတပ်ဆင်ထားပါ၊ လူအများနှင့် ထိတွေ့ဆက်ဆံရပါက မျက်နှာအကာ (Face Shield)ကို တွဲဖက်တပ်ဆင်ပါ၊

(၂) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ပါ၊

(၃) လူစုလူဝေးရှောင်ပါ၊

(၄) လက်ကို စက္ကန့်(၂၀) ကြာ မကြာခဏ စနစ်တကျ ဆေးကြောပါ၊

(၅) အလုံပိတ်အခန်းများ၊ အဲယားကွန်းအခန်းများ၊ လေဝင်/လေထွက်မကောင်းသော အခန်းများသို့ သွားရောက်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ကြဉ်ပါ၊

(၆) အိမ်ပြင်သို့ ထွက်လေ့ရှိသူများအနေဖြင့် အိမ်ရှိအသက် (၆၀) နှစ်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို/ သွေးတိုး/ နှလုံးစသည့်...နာတာရှည်ရောဂါအခံရှိသူများနှင့် အနီးကပ်နေထိုင်ခြင်း၊ အတူစားသောက်ခြင်းတို့မှ ရှောင်ကြဉ်ပါ၊

(၇) အသွားအလာတားမြစ်ပိတ်ပင်၍ သီးသန့်ခွဲခြားနေထိုင်စေခြင်း (Quarantine) လုပ်ငန်းစဉ်များတွင် အပြည့်အဝ ပူးပေါင်းပါဝင်ပါ၊

(၈) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ပါနှင့်၊

(၉) တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးပါ၊

(၁၀) ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ပါ၊ ကာကွယ်ဆေးထိုးနှံပြီးသော်လည်း ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာပါ၊

(၁၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ပါ၊

(၁၂) ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကြပ်ခြင်း၊ အားအင်ကုန်ခမ်းခြင်း ရှတ်တရက်အနံ့အရသာ ပျောက်ဆုံးခြင်း လက္ခဏာများပေါ်ပေါက်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းဆက်သွယ်၍ စောစီးစွာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

○ **လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖြားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ** Country Destructive Movements **မှာ ပါဝင်ချင်ကြတယ်။ ရှေ့ကအမှား သင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရွယ်တူသူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**

## မိမိတို့နိုင်ငံတွင် COVID-19 ကာကွယ်ဆေး ထိုးနှံပြီးသူ ၁ သန်း ၉ သိန်းကျော်ရှိ

COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်တွင်ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ကူးစက်မှုနှုန်းအနေဖြင့် ယခုအခါ မေ ၁ ရက်မှစ၍ ဆေးစစ်နိုင်မှုအရေအတွက်၏ ၁ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းခန့်သာ ရှိကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်မှုနှုန်း မြင့်တက်လျက်ရှိသဖြင့် မိမိတို့နိုင်ငံအနေဖြင့်လည်း သတိထားဆောင်ရွက်ရမည်ဖြစ်ပြီး COVID–19 နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် အချို့စည်းကမ်းချက်များကို လျှော့ပေါ့ပေး၍ မရသေးကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ၁ သန်း ၉ သိန်းကျော် ထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးများဆက်လက်ဝယ်ယူရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ တက္ကသိုလ်၊ ကောလိပ်များ ပြန်လည်ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး Social Distancing ကိုလည်း COVID–19 စည်းကမ်းအတိုင်း စံနမူနာပြ ဆောင်ရွက်သွားမည်ဆိုပါက COVID–19 ကာကွယ်ရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း COVID–19 ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၀/၂၀၂၁) ၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ

ကယား မေ ၁၃

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး/ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအဖွဲ့ဝင်များကို ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။** (အောက်ပုံ)

### ဝိုင်းဝန်းကူညီဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ်ကို ရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် စိတ်ဝင်စားမှုရှိပါကြောင်း၊ အလားအလာကောင်းများလည်းရှိသဖြင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူလျင်မြန် အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးသည် အရေးကြီးကြောင်း၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုထားသည့် လုပ်ငန်းများအပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီးလုပ်ငန်းများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ကို အခြေခံကာ ရင်းနှီးမြှုပ်နှံမှုမူဝါဒကို လိုက်လျောညီထွေ ချမှတ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ရေး အခြေအနေကောင်းများရှိခြင်းကြောင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်



ဖြစ်ပါကြောင်း။

### ဘဏ်များအပေါ် ယုံကြည်မှုကျဆင်း

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အချိန်တိုတိုအတွင်း ရလဒ်ကောင်းများရရှိမည့် လုပ်ငန်းများကို ဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်သည့် တင်ပြလျှောက်ထားမှုများကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် စိစစ်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံသား ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် အထောက်အကူပြုစေမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ် ဖြစ်ပေါ်လာစေရေးဌာနများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ လတ်တလော ကာလတွင် သွေးထိုး လှုံ့ဆော်မှုများကြောင့် လူထုအနေဖြင့် ဘဏ်များအပေါ် ယုံကြည်မှုကျဆင်းကာ ငွေထုတ်ယူမှုများပြားနေပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ဘဏ်များနှင့်ပတ်သက်သည့် အစီအမံများ ချမှတ်ထားပြီးဖြစ်သဖြင့် လူထုအနေဖြင့် စိတ်ပူပန်ခြင်း မရှိကြစေရေး ပြည်နယ်လူထုသို့လည်း အသိပေးသွားစေလိုကြောင်း ပြောကြားသည်။

### ပေါင်းစပ်ညှိနှိုင်းပေးရန်လို

ထို့နောက် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်နယ်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးသို့သွားရောက်၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဝန်ထမ်းအိမ်ရာသို့ လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံကာ အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

### ညှိနှိုင်းဖြေရှင်းပေး

ပြည်ထောင်စုဝန်ကြီးသည် လွိုင်ကော်မြို့တွင် ရှိနေစဉ် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်အချို့နှင့်လည်း သီးခြားစီတွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရက ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားကာ လုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*✻ ရှေ့ဖုံးမှ*

အစည်းအဝေးတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဒုတိယဥက္ကဋ္ဌ(၃) ဒေါ်စောမြရာဇာလင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ တာဝန်ရှိသူများက ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

ထိုသို့ တင်ပြချက်များအပေါ် ညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၂

**ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)

သင်တန်းဖွင့်ပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်အသီးသီးမှ ရာထူးတိုးမြှင့်ခန့်အပ်ခံရသော ဒုတိယပါမောက္ခချုပ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### တာဝန်ယူ ဆောင်ရွက်ကြရမည်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားတွင် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်များမှ ပါမောက္ခ ၇၁ ဦး၊ နည်းပညာ/ကွန်ပျူတာ တက္ကသိုလ်များမှ ပါမောက္ခ ၃၄ ဦး စုစုပေါင်း ၁၀၅ ဦးကို ဒုတိယပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်နိုင်သည့်အတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ပါမောက္ခရာထူးမှ ဒုတိယပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်တာဝန်ထမ်းဆောင်ရာတွင် စီမံခန့်ခွဲရေးတာဝန်များ၊ ဘဏ္ဍာရေးတာဝန်များကို တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲမရှိသော်လည်း စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရာနှုန်းပြည့်ကျွမ်းကျင်မှုရှိရန် အခက်အခဲရှိနိုင်ပါကြောင်း၊ ယခုသင်တန်းကယင်းအခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် တက္ကသိုလ်တစ်ခုလုံး၏ တိုးတက်ရာတိုးတက်ကြောင်းဖြစ်သည့် စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေး၊ ဘာသာရပ်ဆိုင်ရာ သင်ကြားရေးနှင့် နိုင်ငံတော်အတွက် အားထားရမည့် ထူးချွန်ထက်မြက်သည့် ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

### ပြုစုပျိုးထောင် မွေးထုတ်

အစိုးရအဖွဲ့အစည်း မည်သို့ပင် ပြောင်းလဲစေကာမူ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်း၊ ပညာရေးဝန်ထမ်းများဖြစ်သည့် အားလျော်စွာ နိုင်ငံတော်အတွက် အနာဂတ်သားကောင်းရတနာများကို ပြုစုပျိုးထောင် မွေးထုတ်ပေးနေကြရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်ဆောင်ရွက်ရာတွင်လည်း မာန်မာနမထားဘဲ မိမိပတ်ဝန်းကျင်နှင့် ခင်ခင်မင်မင်ဆက်ဆံကာ စေတနာထား၍ ပူးပေါင်းဆောင်ရွက်မှသာ လုပ်ငန်းများအောင်မြင်မည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာများ ကြံ့ခိုင်အားကောင်းရန် နေ့စဉ်ဆောင်ရွက်ပြီး စီမံအုပ်ချုပ်ရာတွင်လည်း စည်းကမ်းဘောင်အတွင်း ကိုယ်ချင်းစာနာစိတ်ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာဟူသော ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်၍ ပါမောက္ခချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယပါမောက္ခချုပ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်စေလိုပါကြောင်း၊ တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် လက်တွဲချိတ်ဆက် ဆောင်ရွက်စေလိုပါကြောင်း၊ မိမိတာဝန်ကျသည့် တက္ကသိုလ်ကျောင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လိမ္မာရေးခြားရှိအောင် အရည်အသွေး တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။



### တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူး

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ရာထူးတိုး ခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်း၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ရာထူးတိုးခန့်အပ်လွှာများကို တစ်ဦးချင်းစီသို့ပေးအပ်ရာ ဒုတိယပါမောက္ခချုပ် ရာထူးသို့ တိုးမြှင့်ခန့်ထားခြင်းခံရသူများက လက်ခံရယူကြသည်။ ထို့နောက် သင်တန်းကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသည်။

### ပို့ချလျက်ရှိ

ပညာရေးဝန်ကြီးဌာနမှ ရာထူးတိုးခန့်အပ်သော ဒုတိယပါမောက္ခချုပ်များအတွက် အရည်အသွေးမြှင့်သင်တန်းကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ ကျင်းပလျက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ပညာရေးဝန်ကြီးဌာန မူဝါဒများ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ဝင်းက သိရှိလိုက်နာကျင့်သုံးရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာပြဋ္ဌာန်းချက် ဘာသာရပ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက တက္ကသိုလ် စီမံခန့်ခွဲမှုဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း ပို့ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေများနှင့်အညီ လစ်လပ်သွားသည့် သတင်းမီဒီယာကောင်စီဝင်နေရာများအတွက် အစားထိုးရွေးချယ်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ ၁၀ ရက်တွင် အောင်မြင်စွာ စနစ်တကျ ရွေးချယ်ပေးခဲ့ပြီးဖြစ်သည်။

သတင်းမီဒီယာနည်းဥပဒေ ၁၂ အရ ကောင်စီဝင်များအနက် ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ်တစ်ဦးတို့ကို ကောင်စီဝင်များ၏ ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်ခဲ့ရာ ဒေါက်တာ မျိုးသန့်တင် (ဥက္ကဋ္ဌ)၊ ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး) (ဒုတိယဥက္ကဋ္ဌ-၁)၊ ဦးတင်မောင်ဦး (ကြို့ပင်ကောက်-တင်မောင်ဦး)(ဒုတိယဥက္ကဋ္ဌ-၂)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) (အတွင်းရေးမှူး)၊ ဦးရဲနိုင်စိုး(တွဲဖက်အတွင်းရေးမှူး-၁)၊ ဦးအောင်ပြည့်စုံ (တွဲဖက်အတွင်းရေးမှူး-၂)၊ ဦးမင်းဟန်(ဘဏ္ဍာရေးမှူး)နှင့် ဦးသက်နိုင်ဦး(စာရင်းစစ်)တို့ အသီးသီးရွေးချယ်ခံရကြောင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်များ ရွေးချယ်တင်မြှောက်ရေးအဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၁၂

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ခရိုင်ပေါင်းစုံ အသက်(၂၁)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

### ထောက်ပံ့ပေးအပ်

ဦးစွာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

### ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများဖြစ်သည့် မိတ္ထီလာခရိုင် ဘောလုံးအသင်းနှင့် မန္တလေးခရိုင်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

### အသင်း ခုနစ်သင်း ယှဉ်ပြိုင်

အဆိုပါဘောလုံးပြိုင်ပွဲကို မေ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အလိုက် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့က ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်အုပ်ချုပ်ရေး အမိန့်အမှတ်၊ ၅ / ၂၀၂၂ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၅ / ၂၀၂၂**
**၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**( ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်၊ ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက်စွဲပါ စစ်အုပ်ချုပ်ရေး (Martial Law)အမိန့်အမှတ်၊ ၄ / ၂၀၂၂ ဖြင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေဖြစ်သည့် ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိ ဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည်စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများ သတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

(က) **အုပ်ချုပ်ရေး**
- (၁) လုံခြုံရေးကိစ္စရပ်များ၊
- (၂) လူမှုရေးကိစ္စရပ်များ၊
- (၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
- (၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

( ခ ) **တရားစီရင်ရေး**

(၁) **တရားရုံးများဖွဲ့စည်းခြင်း။** အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရ ဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။

(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။

(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲ ဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-

(ကက) သေဒဏ်၊

( ခ ခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊

( ဂ ဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက် ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့ စီရင်ခြင်းသည် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။

( ခ ခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။

( ဂ ဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း။

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများက ချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊

( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊

( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊

(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ တိုင်းမှူးက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ် (၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် မိမိ၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးသည် စစ်အုပ်ချုပ်ရေးဒေသအတွင်း ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နောက်ဆက်တွဲဇယား(က)**

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊

၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က)၊

၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း (ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဂ)၊

၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း (ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဃ)၊

၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊

၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊

၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊

၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊

၉။ လူသတ်မှု၊

၁၀။ လူသေမှု၊

၁၁။ မုဒိမ်းမှု၊

၁၂။ လုယက်မှု၊

၁၃။ ဓားပြမှု၊

၁၄။ အဂတိလိုက်စားမှု၊

၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊

၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊

၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းများကာကွယ်စောင့်ရှောက်ရေး ဥပဒေအရ ပြစ်မှုများ၊

၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊

၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊

၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ။

၂၁။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရ ပြစ်မှုများ၊

၂၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရ ပြစ်မှုများ၊

၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# ဝိုင်းဝန်းဟန့်တား အကြမ်းဖက်သမား

**ကိုထွန်းခင်**

**ပညာထူးချွန်ကြလို့ တစ်ထောင်တစ်ယောက်၊ တစ်သောင်းတစ်ယောက် လက်ရွေးစင်ရွေးချယ်ပြီး နိုင်ငံခြားကို ပါရဂူ ဒေါက်တာဘွဲ့၊ အမ်အက်စ်စီ၊ အမ်အေ စသဖြင့် ပညာသင်စေဖို့ စေလွှတ်ခဲ့သူတွေထဲက နိုင်ငံတော်အစိုးရကို ဆန့်ကျင်သပိတ်မှောက်ကြသတဲ့။ တချို့ပညာတော်သင်တွေက ကထိကတွေ၊ ဌာနဆိုင်ရာမှ ညွှန်ကြားရေးမှူးတွေ၊ ဒုတိယညွှန်ကြားရေးမှူးတွေ။ အံ့သြဖွယ်ပေ။**

သက်ဆိုင်ရာဌာနက ဝန်ကြီးက လမ်းမလွဲဖို့ ဖုန်းဆက်ပြီး သတိပေးတဲ့အခါ "ဆရာ လာမပြောပါနဲ့။ ကျွန်မက ဒေါက်တာဘယ်သူပါတဲ့ အစိုးရစကားကိုပဲ နားထောင်မှာ"တဲ့။ လေထဲက ညာလိုင်းလှည့်စားတဲ့ လူလိမ်ကြီးများကိုပင် ဘုရားမှတ်လို့ အဲဒီလို ကိုးကွယ်နေသူတွေလည်း ရှိသတဲ့။ အံ့အားသင့်စရာ နိုင်ငံရေးမှိုင်းရဲ့ ကြီးမားတဲ့ ဝါဒဖြန့်စွမ်းအားပါပေ။

> ❑ **အခုတစ်ခါလည်း အခြေခံပညာကျောင်းတွေ မဖွင့်ရဲအောင် အမျိုးမျိုးအဖုံဖုံ ခြိမ်းခြောက်နေပြန်တယ်။ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ အကြမ်းဖက်လုပ်ရပ်တွေကို လစ်ရင်လစ်သလို လုပ်နေလေရဲ့။ မိုက်ချက်ကတော့ ကမ်းကုန်ပါတယ်။ တိုင်းပြည်ဖျက်ဖို့ သက်သက်ဖွဲ့ထားတဲ့ အကြမ်းဖက်ပါတီနဲ့ အဖွဲ့တွေရဲ့ ဗုံးဖောက်၊ မီးရှို့၊ လူသတ်၊ ကျောင်းသား ကျောင်းသူ ကလေးသူငယ်တွေ ကျောင်းမလာရဲအောင် ခြိမ်းခြောက်တားဆီး။ မိုက်ပြီးရင်းမိုက်၊ မှားပြီးရင်းမှား အတော်အကုသိုလ်ကြီးတဲ့ လူယုတ်မာ အုပ်စုပါလား**

ခေတ်အဆက်ဆက်မှာ အစိုးရအမျိုးမျိုးက ရှိနေမှာဖြစ်ပါတယ်၊ အစိုးရနဲ့ ကိုယ့်ကိုအားကိုးနေကြတဲ့ ဝေဒနာရှင်လူနာတွေကို ခွဲခြားမမြင်နိုင်ဘဲ ဆေးရုံတွေမှာ ဆေးမကုတဲ့ ဆရာဝန်တွေရှိတာ- အဲဒါ မြန်မာပြည်။

ပညာသင်ကြားခွင့်ဆိုတာ ကလေးတစ်ဦးရဲ့ အခွင့်အရေးဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်ပေမယ့် ကလေးတွေကို ပညာသင်ကြားခွင့်မရအောင် စာသင်ကျောင်းတွေ၊ ပညာရေးမှူးရုံးတွေကို မီးရှို့နေတာ – အဲဒါ မြန်မာပြည်။

ကမ္ဘာသူ ကမ္ဘာသားတွေက အံ့အားသင့်ရလောက်အောင် ကျင့်ဝတ်ပျက်ပြား၊ မိုက်မဲယုတ်မာတဲ့ အကြမ်းဖက်သမားတွေရှိတာ ကျွန်ုပ်တို့မြန်မာပြည်။ ဆေးရုံတွေ ပိတ်ရအောင် နှောင့်ယှက်တာ၊ ကျောင်းစာသင်ခန်းတွေ မီးရှို့ဖျက်ဆီးခြိမ်းခြောက်၊ မီးကွင်းပစ်၊ မီးတိုက်၊ ဗုံးခွဲနေတာတွေသည် ယုတ်မာတဲ့ အဖျက်လုပ်ရပ်ပါလေ။

**မမိုက်မဲ မနုံချာ**

တက္ကသိုလ်တွေ မဖွင့်နိုင်အောင် လုပ်မယ်တဲ့။ ဆရာနဲ့ မိဘ၊ ကျောင်းသားတွေက သူတို့ထင်သလောက် မမိုက်မဲ မနုံချာခဲ့ကြပါ။ အနှောင့်အယှက်တွေကြားထဲကပဲ ဖွင့်နိုင်ခဲ့ပါတယ်။ ပညာလိုလားတဲ့ ကျောင်းသား ကျောင်းသူတွေ စာသင်ခန်းတွေမှာ ရှိနေကြပါပြီ။

အခုတစ်ခါလည်း အခြေခံပညာကျောင်းတွေ မဖွင့်ရဲအောင် အမျိုးမျိုးအဖုံဖုံ ခြိမ်းခြောက်နေပြန်တယ်။ ဗုံးခွဲ၊ မီးရှို့၊ လူသတ်၊ အကြမ်းဖက်လုပ်ရပ်တွေကို လစ်ရင်လစ်သလို လုပ်နေလေရဲ့။ မိုက်ချက်ကတော့ ကမ်းကုန်ပါတယ်။ တိုင်းပြည်ဖျက်ဖို့ သက်သက်ဖွဲ့ထားတဲ့ အကြမ်းဖက်ပါတီနဲ့ အဖွဲ့တွေရဲ့ ဗုံးဖောက်၊ မီးရှို့၊ လူသတ်၊ ကျောင်းသား ကျောင်းသူကလေးသူငယ်တွေ ကျောင်းမလာရဲအောင် ခြိမ်းခြောက်တားဆီး။ မိုက်ပြီးရင်းမိုက်၊ မှားပြီးရင်းမှား အတော်အကုသိုလ်ကြီးတဲ့ လူယုတ်မာအုပ်စုပါလား။

ဆရာ ဆရာမတွေကို ခြိမ်းခြောက်ပိတ်ပင်၊ မိဘတွေကို ခြိမ်းခြောက်ပိတ်ပင်။ ကျောင်းသားကလေးငယ်တွေကို လှည့်စားတားဆီးနေပြန်ပါတယ်။ သို့သော်လည်း ကျောင်းလုံခြုံရေးကို ရပ်ရွာလူထုအခြေပြုပြီး စေတနာ့ဝန်ထမ်းကြက်ခြေနီလူငယ်၊ ကင်းထောက်လူငယ်၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ(ကျောင်းသားမိဘ)တွေက ဝန်းရံတာဝန်ယူကြမယ်။ အဖျက်သမားအလိုမရှိ၊ အကြမ်းဖက်သမားလာရင် ဝိုင်းဖမ်းမယ်။ လာရဲရင်လာ၊ ကျောင်းသား ကျောင်းသူ လုံခြုံရေးကို မိခင်စိတ် (Maternal Drive) ပြင်းထန်လှတဲ့ အမိအဖတွေက အသက်နဲ့လဲပြီး ကာကွယ်ကြမှာဖြစ်တယ်။ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တည်ငြိမ်ရေးကို လာပြီးမဖျက်ဆီးလေနဲ့။ တရားမျှတခြင်းက မတရားမိုက်ရိုင်းရမ်းကားသူတွေကို ဖယ်ရှားရမှာဖြစ်ပါတယ်။

**လယ်ပြင်မှာ ဆင်သွားသလို**

နိုင်ငံတကာမှာ ဘယ်နိုင်ငံကမှ လက်မခံတဲ့ အကြမ်းဖက်အဖျက်သမားရဲ့ နောက်ဆုံးနေ့ကတော့ နီးသထက်နီးလာပါပြီ။ အဖျက်ပါတီရဲ့ ဇာတ်ရုပ်၊ ပကတိအကြောင်းရင်း ရည်ရွယ်ချက်က လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလာနေပြီ။

ကိုယ့်သေတွင်း ကိုယ်တူးတဲ့ အလွဲအမှားလိမ်ညာလှည့်စား စကားအကြွားတွေနဲ့ ဘဝင်မြင့်ရူးနေသမျှ နိဂုံးကဏ္ဍရောက်ရပေတော့မယ်။

သားသမီးကို ငယ်စဉ်အခါ
ပညာရှာစေဖို့ဟာ မိဘတို့ရဲ့
တာဝန်ဝတ္တရား မဟုတ်လား။
ကျေးဇူးကြီးလှ မိနဲ့ဘ။
ငယ်စဉ်အရွယ် အတတ်ပညာ
အသိအလိမ္မာကို မသင်စေရဘဲ
မဆုံးမ မသွန်သင်ခဲ့ရင်
မိဘတလီ ရန်သူမည်၏ တဲ့။

သားသမီးရှင် မိဘများ မမှားကြစေချင်။ အသိပညာ မကြွယ်သေးတဲ့ ကလေးငယ်တို့ ရွေးချယ်မှု၊ ဆုံးဖြတ်ချက် မမှားစေချင်။

တိုင်းပြည်ကောင်းစေချင်ရင် စာသင်ပါ ....။
မိသားစုကို အကျိုးပြုချင်ရင် စာသင်ပါ။
မိမိဘဝကို မြှင့်တင်ချင်ရင် စာသင်ကြပါ ....။

**ပညာကင်းငြား မိုက်မဲမှား**

မင်းတို့ ရိုးသားမှုကို အလှည့်စားခံ၊ စိတ်ခံစားမှုတွေနဲ့ ဘဝကို အလဲအလှယ်မလုပ်ကြပါနဲ့။ အနာဂတ်ကို မစတေးကြပါနဲ့ လူငယ်လူရွယ်တို့။

ဘဝကို ကောင်းအောင် ပြောင်းလဲနိုင်တာ ပညာပါ။ တိုင်းပြည်ကို ကောင်းအောင် ပြောင်းလဲနိုင်တာကလည်း ပညာပါပဲ။ ငယ်စဉ်အခါ ပညာရှာကြပါ။ ပညာရှိမှ လူ့ဘဝလောကကို အလှဆင်နိုင်မယ်။ ပညာကင်းငြား မိုက်မဲမှား ဆုံးဖြတ်ချက်လွဲမှားနိုင်ပါတယ်။ ပညာခရီးကို တားဆီးသူများက လူကောင်းလူမွန်မဟုတ်နိုင်၊ လူယုတ်လူညစ်တွေသာ ဖြစ်ပါလိမ့်မယ်။

**နိုင်ငံရေးသမားဆိုတာ ပညာသင်ကြားမှုကို ပိုတောင် အားပေးရတယ်။ ပညာသင်ကြားရေးကို မနှောင့်ယှက်ရဘူး။ စာသင်ကျောင်းတွေကို အကြမ်းမဖက်ရဘူး။ ပညာပြည့်ဝမှ ကောင်းဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်မယ်။ အရည်အသွေးပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် ပါဝင်နိုင်မှာဖြစ်တဲ့အတွက် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် ပညာသင်ကြားခွင့်ကို မပိတ်ပင်သင့်ဘူး။**

အဓမ္မကို ဖယ်ရှား ....
ဓမ္မသမားဘက်က အောင်ရမယ်။
အကြမ်းဖက်အဖျက်သမား ...
ရှုံးနိမ့်ပြေးလွှား ...
သူမှားကြောင်း သိသွားစေရမယ်။

တချို့အမှန်တရားတွေဟာ ခါးနေပေမယ့် ပျောက်ပျက်သွားမှာတော့ မဟုတ်ပါဘူး။ တစ်နေ့မှာ အဖြူအမည်း သဲကွဲလာမှာဖြစ်ပါတယ်။ နောင်တဆိုတာ နောင်မှရတတ်ပါတယ်။ အဲဒါကြောင့် အချိန်မီပြုပြင် အကြမ်းဖက်လုပ်ရပ်တွေကို ရပ်တန်းက ရပ်ဖို့သင့်ပါပြီ။

မြန်မာပြည်သူတစ်ရပ်လုံး နှလုံးလှတဲ့ ဆရာဝန်တွေ တိုးပါစေ ....။

အပြစ်မဲ့တဲ့ ကလေးတွေရဲ့ အနာဂတ်အတွက် ပညာပြည့်ဝစေတနာလှတဲ့ ဆရာ ဆရာမတွေ များပြားပါစေ .....။

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လုံခြုံရေးတွေကို ကောင်းသထက်ကောင်းအောင် ကောင်းကျိုးဆောင်မယ့် အနာဂတ်ရဲ့ ခေါင်းဆောင်ကောင်းတွေ မွေးမြူပျိုးထောင်နိုင်ဖို့ လက်ရှိ မိဘ၊ ဆရာ၊ ကျောင်းသားများနဲ့ စီမံအုပ်ချုပ်ရေးမှာ တာဝန်ယူနေကြတဲ့ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများအားလုံးလက်တွဲပြီး ကာကွယ်လုပ်ဆောင်ကြပါမယ်။

အမှန်တရားကို မြတ်နိုးကြသူတွေရဲ့ မေတ္တာနှလုံးသားတွေက အမှန်တကယ် အင်အားကြီးမားပါတယ်။ မိမိအကျိုး မမျှော်ကိုးဘဲ ကိုယ်စိတ်နှစ်ဖြာကြီးပွားချမ်းသာ ပျော်ရွှင်သာယာဖို့ ဆောင်ရွက်ပေးခြင်းဟာ ဗုဒ္ဓဘုရားဟော ဗြဟ္မစိုရ်မေတ္တာတရားလည်း ဖြစ်ပါတယ်။

သစ္စာ ဓမ္မ အောင်ပွဲရမည်သာ .... ။ ။

**နိုင်ငံရေးသမားဆိုတာ ပညာသင်ကြားမှုကို ပိုတောင်အားပေးရတယ်။ ပညာသင်ကြားရေးကို မနှောင့်ယှက်ရဘူး။ စာသင်ကျောင်းတွေကို အကြမ်းမဖက်ရဘူး။ ပညာပြည့်ဝမှ ကောင်းဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်မယ်။ အရည်အသွေးပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေအဖြစ် ပါဝင်နိုင်မှာဖြစ်တဲ့အတွက် နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် ပညာသင်ကြားခွင့်ကို မပိတ်ပင်သင့်ဘူး**

❖ **တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။**

# နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၁၃**

ပညာရေးဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်း ဖွင့်လှစ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၁) အစည်းအဝေးခန်းမ၌ကျင်းပသည်။ (ယာပုံ)



### စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်

သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီးတွင် ကဏ္ဍအမျိုးအစား ၄ မျိုးခွဲ၍ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲကြီးကြပ်မှုမွမ်းမံသင်တန်းကို ဖွင့်လှစ်ဆောင်ရွက်ပေးနေပါကြောင်း၊ ဘဏ္ဍာရေးနှင့် ပတ်သက်သော အကြောင်းအရာများကို စနစ်တကျသိရှိနားလည်သုံးစွဲနိုင်ရန်နှင့် ကောလိပ်၊ ကျောင်း၊ သိပ္ပံများတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညွှန်ကြားချက်များအတိုင်း အကျိုးရှိရှိ ထိထိရောက်ရောက်ဖြစ်အောင် စနစ်တကျသုံးစွဲနိုင်ရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ ဘဏ္ဍာရေး အတွေ့အကြုံဗဟုသုတများရှိသည့် ဆရာကြီး ဆရာမကြီးများကိုယ်တိုင် ပို့ချသင်ကြားပေးမည် ဖြစ်ပါကြောင်း၊ သင်တန်းကာလတိုတောင်းသော်လည်း သေသေချာချာ လေ့လာမှတ်သားပါက အလွန်အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍများမှ ဆရာ ဆရာမများသည် ဘဏ္ဍာရေးဆိုင်ရာ ဗဟုသုတအားနည်းမှုကြောင့် မလိုအပ်ဘဲ အရေးယူခံရသည်များ မဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြဿနာဖြစ်လာပါက ဖြေရှင်းဆောင်ရွက်ကြရပါကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခွဲဝေရရှိလာသည့် ဘဏ္ဍာငွေများကို ကျောင်းအုပ်ကြီးများနှင့်တိုင်ပင်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သတ်မှတ်အချိန်ကာလအတွင်း သုံးစွဲရန်လိုပါကြောင်း၊ သုံးစွဲပြီးပါကလည်း ဆောင်ရွက်ပြီးစီးမှုကို ကျောင်းအုပ်၊ ဦးစီးဌာန၊ ဝန်ကြီးဌာနစသည်ဖြင့် သတင်းပို့ရန် လိုအပ်ပါကြောင်း၊ ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ပြီး မိမိတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ မိမိတာဝန်ကျေပွန်ခြင်းသည် မိမိဌာနအတွက်၊ မိမိနိုင်ငံတော်တိုးတက်ရေးအတွက်သာ ဖြစ်ပါကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချသည့် ဘဏ္ဍာရေးဆိုင်ရာများကို နားလည်တတ်ကျွမ်းအောင် ကြိုးစားသင်ယူ၍ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ပညာရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများဆောင်ရွက်ကြရာတွင် အဓိကလိုက်ပါဆောင်ရွက်ပေးရသည်မှာ ဘဏ္ဍာရေးကဏ္ဍဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍ၏ စနစ်တကျထောက်ပံ့ပေးနိုင်မှုပေါ်မူတည်၍ လုပ်ငန်းများ အဆင့်ဆင့်အောင်မြင်အောင်ဆောင်ရွက်ကြရပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍသည် တစ်ဦးတစ်ယောက်ချင်းမှစ၍ စီမံကိန်းလုပ်ငန်းကြီးများအထိ လုပ်ငန်းများ အောင်မြင်ပြီးမြောက်ရေးအတွက် အရေးပါပါကြောင်း၊ မိမိတို့၏ ဘဏ္ဍာရေးတာဝန်ဝတ္တရားများပေါ်တွင် စိတ်စေတနာကောင်းများတွဲဖက်၍ အကျိုးရှိ ထိရောက်စွာ ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

### မေ ၁၃ ရက်မှ ၁၄ ရက်အထိ ပို့ချမည်

ဆက်လက်၍ သင်တန်းကို အစီအစဉ်အတိုင်း ပို့ချရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting)၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Management)နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ဘာသာရပ်သုံးခုကိုသက်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက မေ ၁၃ ရက်မှ ၁၄ ရက်အထိ သင်တန်းပို့ချသွားမည်ဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများမှ သင်တန်းသား စီမံ/ဘဏ္ဍာရေးတာဝန်ခံများ၊ အရာရှိများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသား ခေါင်းဆောင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၃

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်သည် မေ ၁၂ ရက် နံနက် ၁၁ နာရီတွင် မြို့တိုင်းရင်းသားခေါင်းဆောင် ဦးစံသာအောင်နှင့် အဖွဲ့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြသည်။

### လာရောက် ဆွေးနွေးနိုင်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိသည် မကြာသေးမီကာလအတွင်းက ဒုတိယဝန်ကြီးနှင့်အတူ ရခိုင်ပြည်နယ်သို့ ခရီးစဉ်သွားရောက်ခဲ့ရာ ခရီးစဉ်တွင် ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စာပေနှင့် ယဉ်ကျေးမှု ကိစ္စရပ်များ၊ တိုင်းရင်းသားဘာသာသင် နေ့စားလပေး (TA/ LT) ဆရာ/ဆရာမများ ဆက်လက်ခန့်ထားပေးနိုင်ရေးနှင့် ပုံပြပုံပြင်စာအုပ် ဆက်လက်ဖြန့်ဝေပေးမည့် ကိစ္စများ၊ တိုင်းရင်းသား စာပေဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ပါကြောင်း၊ တတ်နိုင်သည့်ဘက်မှလည်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါကြောင်း၊ ယခုလာရောက် ဆွေးနွေးသည့် တာဝန်ရှိသူများအနေဖြင့် မိမိတို့ တိုင်းရင်းသား အရေးနှင့်ပတ်သက်လျှင် အချိန်မရွေး လွတ်လပ်စွာ လာရောက် ဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသားခေါင်းဆောင် ဦးစံသာအောင်နှင့် အဖွဲ့က မြို့တိုင်းရင်းသားစာပေအား အခြေခံပညာကျောင်းများတွင် တရားဝင်သင်ကြားခွင့်ရရှိနိုင်ရေး၊ တိုင်းရင်းသားဘာသာသင် နေ့စားလပေး ( TA / LT ) ဆရာ/ဆရာမများ ခန့်ထားပေးနိုင်ရေး၊ မြို့တိုင်းရင်းသားစာပေကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြို့တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအနေဖြင့် တိုင်းရင်းသား စာပေများကို အခြေခံပညာကျောင်းများတွင် တရားဝင်သင်ကြားခွင့်ရရှိနိုင်ရေးအတွက်သည် စာပေကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့တိုင်းရင်းသားလူမျိုးစုများ၏ ဘုံသဘောတူစာပေရရှိရန် လိုအပ်မည်ဖြစ်ပြီး ၎င်းစာပေကို သက်ဆိုင်ရာ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီ၏ အတည်ပြုချက်ရရှိရန် လိုအပ်ပါကြောင်း၊ ထိုအချက်များပြည့်စုံပါက မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနက တရားဝင် သင်ကြားခွင့်ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက တရားဝင် သင်ကြားခွင့်ပြုပြီးပါက တိုင်းရင်းသားဘာသာသင် နေ့စားလပေး (TA / LT) ဆရာ/ဆရာမ များကိုလည်း ခန့်ထားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ထိန်းသိမ်းစောင့်ရှောက်

ထို့နောက် ရခိုင်မျိုးနွယ်စုဝင် မြို့တိုင်းရင်းသား ခေါင်းဆောင် ဦးစံသာအောင်နှင့် အဖွဲ့က အထွေထွေဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားမျိုးနွယ်စုများ အနေဖြင့် မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအား ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပါကြောင်း၊ စာပေနှင့်ယဉ်ကျေးမှု ပျောက်လျှင် လူမျိုးပါပျောက်ကွယ်သွားနိုင်ပါကြောင်း၊ မြို့တိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့် ဘုံစာပေ (သို့မဟုတ်) မြို့စာပေ ခိုင်ခိုင်မာမာ တည်ရှိနိုင်ရန်အတွက် မြို့တိုင်းရင်းသား မျိုးနွယ်စု ညီလာခံခေါ်ယူကျင်းပပြီး စာပေ ယဉ်ကျေးမှုကိစ္စနှင့် ပတ်သက်၍ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်သင့်ပါကြောင်း၊ မိမိမျိုးနွယ်စု၏ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များကို အခြားတိုင်းရင်းသား မျိုးနွယ်စုများသော်လည်းကောင်း၊ မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကသော်လည်းကောင်း ဝင်ရောက်စွက်ဖက် ဆုံးဖြတ်ပေး၍မရပါကြောင်း၊ မြို့တိုင်းရင်းသားများအားလုံးလက်ခံသော စာပေအတည်ဖြစ်ပါက တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မေ ၁၃

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကျင်းပ

နေပြည်တော် မေ ၁၃

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ “ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ” ကို ယနေ့နံနက်ပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမ နေပြည်တော်၌ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။** (ယာပုံ)



စာတမ်းဖတ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ(ငြိမ်း) ဦးခင်အောင်မြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ သတင်းမီဒီယာများ၊ စာတမ်းရှင်များ၊ စိတ်ဝင်စား၍ တက်ရောက်သည့် ပုဂ္ဂိုလ်များနှင့် ဌာနမှအရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

### သဘာဝအမွေအနှစ်ပေါများသည့်နိုင်ငံ

သုတေသနစာတမ်းဖတ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုစာတမ်းဖတ်ပွဲသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖော်ထုတ်ထိန်းသိမ်းရေးဆိုင်ရာ သုတေသနအရည်အသွေးတိုးတက်ရေးကို ဦးတည်ပြီး စာတမ်းရှင်များက မိမိတို့ကိုယ်တိုင် ပါဝင်သုတေသနပြု၊ ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများမှရရှိခဲ့သည့် သုတေသန အကျိုးရလဒ်များကို ရေးသားပြုစုထားသည့် စာတမ်း ၁၃ စောင်ကို ဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် လူသားမျိုးနွယ်အစဖြစ်ထွန်းတည်ရှိခဲ့မှုကို အခိုင်အမာဖော်ပြနိုင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းပရိုင်းမိတ်များတွေ့ရှိရာ နေရာများစွာတွေ့မြင်နိုင်သလို ရှည်လျားလှသော သမိုင်းကြောင်းနှင့်အတူ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝအမွေအနှစ်များ ပေါများလှသည့်နိုင်ငံဖြစ်ကြောင်း။

ခေတ်အဆက်ဆက်သမိုင်းကြောင်းကို ကြည့်မည်ဆိုလျှင် မိမိတို့၏ ဘိုး၊ ဘေး၊ ဘီ၊ ဘင်များက ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်းအစရှိသည့် သာသနိကအဆောက်အအုံများ၊ နန်းတော်ဟောင်းများ၊ မြို့တော်ဟောင်းများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ထိတွေ့ကိုင်တွယ် တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှုအမွေအနှစ်များ တည်ဆောက်ပြုလုပ် သုံးစွဲခဲ့ကြသည်ကို မြန်မာနိုင်ငံအနှံ့အပြားတွင် ယနေ့အထိ တွေ့မြင်နိုင်ပါကြောင်း၊ အလားတူ တိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာလည်း နိုင်ငံတစ်ဝန်း၌ တည်ရှိနေကြောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ရှေးဟောင်းနေရာဒေသများ၊ ရှေးဟောင်းအဆောက်အအုံများနှင့်တကွ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို ထာဝရတည်တံ့စေရန်နှင့် ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ အမျိုးသားအဆင့်မှသည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကမ္ဘာ့အမွေအနှစ်များအဖြစ်ပြဋ္ဌာန်းသတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

### ယဉ်ကျေးမှုဆိုင်ရာများထိန်းသိမ်း

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဥပဒေနှင့်အညီ ကာကွယ်ထိန်းသိမ်းရေးဇုန်များ သတ်မှတ်ထိန်းသိမ်းခဲ့ရာ (၄၈) ဇုန် သတ်မှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ရေးဆွဲခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေရေးဆွဲခြင်းများ ပြဋ္ဌာန်းဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး ဥပဒေပြဋ္ဌာန်းနိုင်ရန် ရေးဆွဲနေဆဲဖြစ်ပါကြောင်း၊ ယခုစာတမ်းဖတ်ပွဲတွင် ဖတ်မည့်စာတမ်းများသည် ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ မြောက်ဦး၊ အမရပူရခေတ်ဆိုင်ရာကာလများ၏ ရှေးဟောင်းအဆောက်အအုံများ၊ နံရံပန်းချီများ၊ ကျောက်ဆစ်ရုပ်ကြွများ၊ အုတ်ခဲများ၊ ကျောက်စာများ၊ သစ်သားဘုန်းတော်ကြီးကျောင်းများအား သုတေသနပြုမှု၊ ရေရှည်တည်တံ့ခိုင်မြဲစေရန် စနစ်တကျထိန်းသိမ်းမှုနှင့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ သုတေသနလေ့လာတွေ့ရှိချက် စာတမ်းများဖြစ်ကြောင်း၊ ဖတ်ကြားမည့်စာတမ်းရှင်များသည် သုတေသနဆိုင်ရာ၊ ရှေးဟောင်းအဆောက်အအုံနှင့် အနုလက်ရာထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို လက်တွေ့လုပ်ငန်းခွင် နယ်ပယ်အသီးသီးတွင် ပါဝင်ဆောင်ရွက်နေကြသူများဖြစ်ပြီး ဒေသအသီးသီး၌ ဆောင်ရွက်ခဲ့မှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများမှ ရရှိလာသည့် သုတေသနပြုချက်များကိုအခြေခံပြီး သမိုင်းမတင်မီခေတ်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ ခေတ်အဆက်ဆက် ယဉ်ကျေးမှုသွင်ပြင်များကို ဖော်ထုတ်သုတေသနပြုပြီးသော အထောက်အထားများကို အခြေခံဖတ်ကြားသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ စာတမ်းဖတ်ပွဲကျင်းပခြင်းကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် ပါဝင်သော **“တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး”** ကို အလေးပေးဆောင်ရွက်သွားနိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ မြေပေါ်မြေအောက်ရှိ ယဉ်ကျေးမှုဆိုင်ရာအထောက်အထားများကို ထိန်းသိမ်းရေးလုပ်ငန်းများ၌ စေတနာပါပါဖြင့် တစိုက်မတ်မတ်ဆောင်ရွက်ပြီး ပြည်သူများ ပူးပေါင်းပါဝင် ထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာနိုင်စေကြောင်း။

### သုတေသနလုပ်ငန်းများ ဆောင်ရွက်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ သုတေသနစာတမ်းဖတ်ပွဲများကို လစဉ်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖတ်ကြားသည့် စာတမ်းများကို အများပြည်သူများ သိရှိလေ့လာနိုင်ရန်အတွက် ပုံနှိပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံနှင့် အနုလက်ရာ ထိန်းသိမ်းရေးဆိုင်ရာနှင့် သုတေသနပိုင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်သည့်အခါ အရှိန်အဟုန်မြင့်မားစွာဆောင်ရွက်နိုင်ရန် အတွေ့အကြုံနုနယ်သေးသည့် မျိုးဆက်သစ်လူငယ်များကို အတွေ့အကြုံအသိပညာများ ဖြန့်ဝေပေးနိုင်ရန်ရည်ရွယ်၍ ယခုစာတမ်းဖတ်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ နောင်တစ်ချိန်၌ ဆက်လက်တာဝန်ယူဆောင်ရွက်ကြမည့် အရာထမ်း/ အမှုထမ်းများအနေဖြင့် တာဝန်သိမှု၊ တာဝန်ရှိမှု၊ တာဝန်ယူလိုမှု စိတ်အပြည့်အဝဖြင့် သုတေသနလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနစာတမ်းများသာမက ပြတိုက်နှင့်သက်ဆိုင်သည့် သုတေသနစာတမ်းဖတ်ပွဲများကိုလည်း စဉ်ဆက်မပြတ် ကျင်းပပေးရန်လိုအပ်ကြောင်း၊ ဖတ်ကြားသောစာတမ်းများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရာတွင် စာတမ်းရှင်များ၏ အတ္ထုပ္ပတ္တိများ၊ မေးမြန်းသူနှင့်မေးမြန်းချက်၊ ဖြေကြားချက်များဖြင့်တကွ ပြည့်စုံစွာထည့်သွင်းဖော်ပြရန်လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စာတမ်းဖတ်ပွဲစီစဉ်ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အစီအစဉ်အရ စာတမ်းရှင် ဒေါက်တာအေးအေးသင်း (ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ နေပြည်တော်)က A Study on the Bricks of Wadee Ancient Pyu City စာတမ်း၊ ဦးထွန်းထွန်းအေး (လက်ထောက်ညွှန်ကြားရေးမှူး၊ ဟန်လင်းဌာနစု)က “ဟန်လင်းတူးဖော်မှုကုန်း အမှတ် (၃၉)မှ တွေ့ရှိရသော သဲကျောက်ရုပ်ကြွအား ထိန်းသိမ်းခြင်းစာတမ်း”တို့ကို ဖတ်ကြားတင်သွင်းပြီး စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို ဖြေကြားသည်။

### အခမ်းအနားကို ရုပ်သိမ်း

ညနေပိုင်းတွင် စာတမ်းရှင် ဦးဘုန်းကျော် (ညွှန်ကြားရေးမှူး၊ တောင်ကြီးဌာနခွဲ)က “မြောက်ဦးခေတ် သဲကျောက်အဆောက်အအုံဆိုင်ရာ ဗိသုကာ၊ အနုပညာနှင့် ထိန်းသိမ်းရေးစာတမ်း”၊ စာတမ်းရှင် ဦးကြည်လင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ပုဂံဌာနခွဲ)က “ပုဂံခေတ်ရှေးဟောင်းအဆောက်အအုံများတွင် တန်ဆာဆင်ထားသော နံရံဆေးရေးပန်းချီနှင့် အင်္ဂတေပန်းတော့အနုလက်ရာများ ထိန်းသိမ်းမှုဆိုင်ရာ သုတေသနစာတမ်း”၊ စာတမ်းရှင်ဒေါ်တင်တင်ဝင်း(ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က“ကြေးခေတ်၊ သံခေတ်တူးဖော်မှုမှတွေ့ရှိရသော အထောက်အထားများအား ပြန်လည်လေ့လာသုတေသနပြု ထိန်းသိမ်းခြင်းစာတမ်း”နှင့် စာတမ်းရှင် ဒေါ်စုလှိုင်ဌေး (ဦးစီးအရာရှိ၊ မန္တလေးဌာနခွဲ)က “ကုသိုလ်တော်ဘုရားရှိ စကျင်ကျောက်စာချပ်များအား ထိန်းသိမ်းခြင်းစာတမ်း”တို့ကို ဖတ်ကြားပြီးနောက် ပထမနေ့အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သုတေသနစာတမ်းဖတ်ပွဲကို မေ ၁၃ ရက်မှ ၁၄ ရက်အထိ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ နေပြည်တော် ရုံးအမှတ်(၃၅) ယဉ်ကျေးမှုရတနာခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ မေ ၁၃ ရက်တွင် စာတမ်းခြောက်စောင်နှင့် မေ ၁၄ ရက်တွင် စာတမ်းခုနစ်စောင် စုစုပေါင်းစာတမ်း ၁၃ စောင် ဖတ်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

# အခြေခံပညာအထက်တန်းကျောင်းများ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးပြုလုပ်

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းနှင့် ရခိုင်ပြည်နယ် အမ်းမြို့ ပဲပဒုံကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းတို့၏ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးသည်။

### စုပေါင်းဆောင်ရွက်

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျောင်းဝန်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ပေးခြင်းနှင့် စာသင်ဆောင်အတွင်း၊ အပြင်သန့်ရှင်းရေး ပြုလုပ်ခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မေ ၁၃

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယမန်နေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သွားရောက်စစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား မြိတ်မြို့ပေါ်ရှိ ပုလဲသန္တာဟိုတယ်၌ တာဝန်ရှိသူများက ဟိုတယ်ဆိုင်ရာ ကိစ္စရပ်များနှင့် ဧည့်သည်များ ဝန်ဆောင်မှုပေးသည့်အခြေအနေများကို ရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို အလေးထားလိုက်နာရန် လိုအပ်ပါကြောင်း၊ လာရောက်တည်းခိုသည့် ခရီးသွားဧည့်သည်များ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများကို အထူးအလေးထား လိုက်နာနိုင်ရေး အသိပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်ရှိကာလ အခြေအနေအရ ခရီးသွားဧည့်သည်များနှင့် ဝန်ထမ်းများ၏ လုံခြုံရေးအတွက်လည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

**ခရီးစဉ်ဒေသတစ်ခုဖြစ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့ပေါ်ရှိ သဘာဝငှက်အိမ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ငှက်သိုက် ထုတ်လုပ်ရေးနှင့် စီးပွားဖြစ်ရောင်းချနေမှုများကို ရှင်းလင်းပြသသည်။ နှစ်ပေါင်း ၅၀ ကျော်ခန့် ကြာမြင့်ပြီဖြစ်သည့် သဘာဝငှက်သိုက်အိမ်သည် မြိတ်မြို့တွင် ဇီဝဖိုးငှက်များ သဘာဝအတိုင်း လာရောက်အသိုက်ပြုလုပ်နေထိုင်သည့် တစ်ခုတည်းသောနေအိမ်ဖြစ်ပြီး ၎င်းအိမ်ကဲ့သို့သော သဘာဝအတိုင်းမဟုတ်ဘဲ ဇီဝဖိုးငှက်အော်သံအတုဖြင့် မွေးမြူရေးငှက်သိုက် ထုတ်လုပ်သည့်အိမ်များစွာရှိသဖြင့် မြိတ်မြို့သို့ လာရောက်သည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်လေ့လာကြည့်ရှုနိုင်သည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**အလှူငွေများပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့တွင် ၁၉၃၁ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ ၄ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည့် ကမ္ဘာကျော် အိုင်းရစ်လူမျိုးစာရေးဆရာကြီး Mr. Maurice Collis နေထိုင်ခဲ့သော ကိုလိုနီ Building ကို သွားရောက်ကြည့်ရှုခဲ့ပြီး မြိတ်မြို့တစ်ဖက်ကမ်းရှိ ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု ပထော်ပထက် ကျွန်းပေါ်တွင် တည်ထားကိုးကွယ်သော အတုလရံသီ ရွှေသာလျောင်းဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားဂေါပကအဖွဲ့ကို အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ အတုလရံသီရွှေသာလျောင်း ရုပ်ပွားတော်ဘုရားကြီးသည် လျောင်းတော်မူဘုရားများ၌ သတ္တမမြောက် အကြီးဆုံးဘုရားတစ်ဆူဖြစ်ပြီး ဉာဏ်တော်အလျား ၂၁၆ ပေ၊ အမြင့် ၅၇ ပေရှိကာ ပလ္လင်တော်အလျားမှာ ၂၂၅ ပေရှည်လျားကာ ဘုရားကြီးအတွင်းပိုင်းရှိ အခန်းပေါင်း ၁၄ခန်းတွင် မုဒြာပုံသဏ္ဌာန်မျိုးစုံ ရုပ်ပွားဆင်းတုတော်များ၊ နံရံများတွင် ဘုရားရုပ်ပွားတော်များ နံရံကပ်ပူဇော်ထားရှိပြီး ဘုရားရင်ပြင်ကုန်းတော်ပေါ်မှ ပင်လယ်ပြင်အလှရှုခင်းနှင့် မြိတ်မြို့၏ ကမ်းနားအလှအပများကို ကြည့်ရှုခံစားနိုင်သည့်အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ဆွဲဆောင်နိုင်သော ဘုရားဖူးခရီးစဉ်တစ်ခုဖြစ်ကြောင်း သိရသည်။

**လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြိတ်မြို့တစ်ဖက်ကမ်းရှိ ခရီးသွားဧည့်သည်များ စိတ်ဝင်စားစွာ လာရောက်လည်ပတ်လေ့ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်သော ပထော်ပထက်ကျွန်းရှိ ပြည့်ဖြိုးထွန်းအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသည့် ပုစွန်သားပေါက် မွေးမြူရေးစခန်း၊ ငါးပုစွန်တန်တစ်ထောင် အအေးခန်းစက်ရုံ၊ လှေလွန်းကျင်းလုပ်ငန်းနေရာ၊ ပုစွန်မွေးမြူရေးကန်နှင့် ကဏန်းပျော့မွေးမြူရေးစခန်းနေရာများသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြသသည်။ (ဓါတ်ပုံ) အဆိုပါနေရာများသည် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်အများစု စိတ်ဝင်တစား လာရောက်လေ့လာ လည်ပတ်လေ့ရှိသည့် ခရီးစဉ်နေရာတစ်ခုဖြစ်သည်။

တနင်္သာရီတိုင်း ဒေသကြီး မြိတ်မြို့သည် ပုလဲမွေးမြူရေး၊ ငှက်သိုက်၊ ငါးပုစွန်နှင့် ကဏန်းမွေးမြူရေးလုပ်ငန်းများ၊ အင်္ဂလိပ်ကိုလိုနီခေတ် ဗိသုကာလက်ရာ အချို့သာမက သဘာဝပင်လယ်ပြင်ကြီးနှင့် လှပသောကျွန်းများ ရှိခြင်းကြောင့် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ အထူးစိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၃**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေးလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက် ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**






## ဂီမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် မေ ၁၃**

ဂီမှာန်နွေရာသီ တေးသီချင်းများဖျော်ဖြေပွဲရဲ့ ပွဲစဉ်(၃)ကို မေ ၁၄ ရက် ည ၈နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့၊ မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၊ သံစုံတီးဝိုင်းအဖွဲ့တို့နှင့်အတူ နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် သန်းထွန်းလေး၊ တက္ကသိုလ် ကိုကိုဇော်၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဝေဝေသီ၊ မေဘုရင်ခိုင်၊ နန်းစန္ဒီ၊ မေထူးကျော်တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်ခဲ့မှုကို မေ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်- ၁၉ ကြောင့် ရပ်နားထားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပမည်

ကေတာ

**တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို ကိုဗစ်-၁၉ကြောင့် ၂၀၂၀ ပြည့်နှစ် မတ်လမှ စတင် ရပ်နားထားခဲ့ရသည်။ ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြိုင်ပွဲများ ပြန်လည်ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**


ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦး

**မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစား ပြိုင်ပွဲတွေကို ပြန်လည်ကျင်းပသွားမယ်လို့ သိရပါတယ်။ ဘယ်လိုတွေ လေ့ကျင့်ပြီး ဘယ်လို ကျင်းပသွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားကစားပြိုင်ပွဲတွေကို မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်ကစပြီး ကျင်းပနိုင်ခြင်း မရှိပါဘူး။ အခုအခါမှာတော့ နိုင်ငံတော်အကြီးအကဲက ပြည်နယ်နဲ့ တိုင်းဒေသကြီးအပါအဝင် အားကစားပြိုင်ပွဲတွေကို ပြန်လည်ကျင်းပဖို့အတွက် လမ်းညွှန်ချက်တွေပေးပါတယ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနဲ့ ညွှန်ကြားရေးမှူးချုပ်တွေရဲ့ လမ်းညွှန်မှုတွေကို အဆင့်ဆင့်ခံယူပြီး ပြည်နယ်နဲ့တိုင်းဒေသကြီး ပြိုင်ပွဲတွေ ကျင်းပရေးအတွက် ပြင်ဆင်လျက်ရှိပါတယ်။ ပထမငါးလ တစ်ဖြတ်၊ နောက်တစ်ခါ ခြောက်လ တစ်ဖြတ် အဲဒီလို အားကစားပြက္ခဒိန်တွေ ရေးဆွဲပြီး ပြင်ဆင်နေပါတယ်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ ပူးပေါင်းပြီး ဘောလုံးအားကစားပြိုင်ပွဲတွေကို ကျင်းပဖို့ ပြင်ဆင်နေပါတယ်။ အသက်အရွယ်အားဖြင့်ဆိုရင် U-21 ပြိုင်ပွဲကို ဇွန် ၂၄ ရက်ကနေ ဇူလိုင် ၈ ရက်အထိ ကျင်းပဖို့စီစဉ်ထားပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် U-25 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၈ ရက်မှ ဩဂုတ် ၁၁ ရက်အထိ နေပြည်တော်မှာ ကျင်းပဖို့ ပြင်ဆင်ထားရှိပါတယ်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နဲ့ အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပမယ်။ ပြိုင်ပွဲကျင်းပမယ့်ကိစ္စရပ်တွေကို ဒိုင်လူကြီးများကိုလည်း အကူအညီပေးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းဥပဒေတွေကိုလည်း သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက အားကစားနှင့်ကာယပညာဦးစီးဌာနအနေနဲ့ အချိန်မီပေးပို့ထားပြီးဖြစ်လို့ ဒီစည်းမျဉ်းစည်းကမ်းအတိုင်း ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ချီးမြှင့်မယ့်ဆုကြေးတွေနဲ့ ပတ်သက်ပြီးတော့လည်း ပြောကြားပေးပါ။**

**ဖြေ။** ။ ယခင်နှစ်တွေကတော့ ဆုကြေးက ၁၅ သိန်း၊ ၁၀ သိန်း၊ ခုနစ်သိန်း ဒီလောက်ပဲ ပေးလာခဲ့ပါတယ်။ ဒီနှစ်မှာတော့ အားကစားသမားတွေလည်း ပိုပြီးစိတ်ပါဝင်စားအောင် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ခြင်းအားဖြင့် သူတို့အင်တိုက်အားတိုက် ယှဉ်ပြိုင်စေလိုတဲ့အတွက် အားကစားနှင့်ကာယပညာဦးစီးဌာနက ပံ့ပိုးကူညီပေးတာပါ။ ဒုတိယဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ ပထမဆုကို သိန်း ၂၀၊ ဒုတိယဆုကို ၁၅ သိန်း၊ တတိယဆုကို ၁၀ သိန်း၊ စတုတ္ထဆုကို ခုနစ်သိန်း သတ်မှတ်ထားပါတယ်။ ဘယ်တုန်းကမှ အဲဒီလောက် မပေးခဲ့ဖူးပါဘူး။

ပြည်နယ်နဲ့တိုင်းဒေသကြီး ပြိုင်ပွဲဆိုတာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ပြည်ထောင်စုဖလားပြိုင်ပွဲပါ။ ဆုတွေကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပါမယ်။ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုး၊ အကောင်းဆုံးကစားသမား ဒါမျိုးတွေကိုလည်း တစ်နေရာတိုင်းမှာ နှစ်သိန်းနှုန်းချီးမြှင့်ဖို့လည်း စီစဉ်ထားပြီးဖြစ်ပါတယ်။ နောက်ပြီး ပြိုင်ပွဲတွေမှာ Molten (G-3600) Size 5 ဘောလုံးအမျိုးအစားတွေကို အသုံးပြုမယ်ဆိုတာကို သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းတွေကိုလည်း အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

**မေး။ ။ အခြားအားကစားပြိုင်ပွဲတွေ ကျင်းပဖို့ အစီအစဉ်ရှိရင်လည်း ပြောပြပေးပါဦး။**

**ဖြေ။** ။ ဩဂုတ်လမှ စက်တင်ဘာလအတွင်းမှာ ပြိုင်ပွဲ သုံးပွဲ ကျင်းပပေးမှာ ဖြစ်ပါတယ်။ ဩဂုတ်လအတွင်းမှာ ပြည်နယ်နဲ့တိုင်း အလေးမပြိုင်ပွဲ၊ စက်တင်ဘာလအတွင်းမှာ ဝူရှူးနဲ့ ဖူဆယ်ပြိုင်ပွဲတွေကို ဆက်လက်ကျင်းပသွားဖို့ ကျွန်တော်တို့ ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ကျင်းပမယ့် နေ့ရက် ၊ အချိန်တွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို အကြောင်းကြားထားပြီး ဖြစ်ပါတယ်။

**❖ တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲတွေကို ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ အားကစားနည်း ၂၆ နည်း၊ ပြိုင်ပွဲပေါင်း ၂၉ ပွဲကို နေပြည်တော်မှာ ၂၄ ပွဲ၊ ရန်ကုန်မြို့မှာ ငါးပွဲ ကျင်းပပြုလုပ်ဖို့ အားကစားပြက္ခဒိန်ကို လျာထားရေးဆွဲပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တွေနဲ့လည်း ညှိနှိုင်းလျာထားဆောင်ရွက်ထား**

တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲတွေကို ၂၀၂၃ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလအထိ အားကစားနည်း ၂၆ နည်း၊ ပြိုင်ပွဲပေါင်း ၂၉ ပွဲကို နေပြည်တော်မှာ ၂၄ ပွဲ၊ ရန်ကုန်မြို့မှာ ငါးပွဲ ကျင်းပပြုလုပ်ဖို့ အားကစားပြက္ခဒိန်ကို လျာထားရေးဆွဲပြီး ဖြစ်ပါတယ်။ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်တွေနဲ့လည်း ညှိနှိုင်းလျာထား ဆောင်ရွက်ထားပါတယ်။

ဒီပြိုင်ပွဲတွေနဲ့ပတ်သက်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ လက်ခံကျင်းပချင်လို့ အဆိုပြုလာတဲ့ နေရာတွေမှာလည်း ကျင်းပသွားမှာ ဖြစ်ပါတယ်။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရှမ်းပြည်နယ် စသည်ဖြင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ လှည့်လည် ကျင်းပခြင်းအားဖြင့် အပန်းဖြေနိုင်မှု၊ ဘုရားဖူးနိုင်မှု၊ ယဉ်ကျေးမှုချင်းဖလှယ်နိုင်မှု စတဲ့ ဒေသတစ်ခုရဲ့ အခြေအနေတွေကို လေ့လာနိုင်ပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမတွေ စည်းစည်းလုံးလုံးနဲ့ နေရာဒေသအနှံ့ကို ရောက်ရှိမယ်၊ ဒေသရဲ့ဗဟုသုတွေလည်း ရရှိမှာ ဖြစ်ပါတယ်။ ဒီလို ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

**မေး။ ။ လာရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲအသင်းတွေရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေးအတွက် စီစဉ်ထားရှိမှုကိုလည်း သိရှိလိုပါတယ်။**

**ဖြေ။** ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပြိုင်ပွဲတွေကို လာရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲဝင်အသင်းတွေရဲ့ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေးအတွက်ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနရဲ့ ဘတ်ဂျက်က ကျခံသုံးစွဲသွားမှာ ဖြစ်ပါတယ်။ တကယ်လို့ နေပြည်တော်မှာ အားကစားပြိုင်ပွဲတွေကျင်းပမယ်ဆိုရင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) မှာ အဆင့်မီမီ ရေ၊ မီး၊ အစားအသောက်ကအစ ကျွေးမွေးဖို့ ကျွန်တော်တို့စီစဉ်ထားရှိပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအနေနဲ့ ပြိုင်ပွဲယှဉ်ပြိုင်ရာမှာ ထူးချွန်ပြီး အရည်အချင်းရှိတဲ့ အားကစားသမားများ စနစ်တကျ ရွေးချယ်ယှဉ်ပြိုင်ရေးနဲ့ဒေသတွင်းအားကစားကဏ္ဍ ပြန်လည်ရှင်သန်ရေးအတွက် မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံ၊ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်ပေါင်းစုံ ဒီလိုပြိုင်ပွဲတွေအတွက် ပြီးခဲ့တဲ့ ဧပြီ ၂၆ ရက်မှာ ဒုတိယဝန်ကြီးဦးစီးပြီး ကျင်းပတဲ့ ပြည်နယ်၊ တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပရေး ညှိနှိုင်းအစည်းအဝေးမှာလည်း အပြည့်အစုံမှာကြားပြီးသားပါ။ ဆောင်ရွက်ပေးရမယ့်အခြေအနေတွေကိုလည်း ပြောထားပြီး ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်ဘောလုံးပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ရာမှာ မြို့နယ်၊ ကျေးရွာပေါင်းစုံကနေ ရွေးဖို့ကြေညာတယ်။ ပြီးရင် ခရိုင်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံက တိုင်းဒေသ ကြီးနဲ့ ပြည်နယ် အတွက် ပြန်လည်ရွေးချယ်ပြီးတော့ လက်ရွေးစင် အဖြစ် စခန်းသွင်းလေ့ကျင့်ပြီးမှ ဒီကို လာရောက် ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော် ဆိုလိုချင်တာက U-21 တို့၊ U-25 တို့ ဖြစ်တဲ့အတွက် သက်တမ်းအလိုက် ပြိုင်ပွဲတွေ ယှဉ်ပြိုင်တဲ့အခါမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးတွေအားလုံးကို ကျွန်တော်တို့ အစည်းအဝေးမှာ မှာကြားခဲ့ပြီး ဖြစ်ပါတယ်။

ကျွန်တော်တို့ သက်တမ်းအလိုက်ပြိုင်ပွဲတွေ ကျင်းပဖို့ဆောင်ရွက်တဲ့အခါ အရေးကြီးတာက သက်တမ်းမှန်မှန်ကန်ကန်နဲ့ အသက်အထောက်အထား၊ မှတ်ပုံတင်၊ ကျောင်းဝင်ထောက်ခံချက် စသဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်ပြီး မှန်မှန်ကန်ကန် တင်ပြဖို့နဲ့ ပြီးတော့ အသက်ကျော်လွန်တဲ့သူတွေမပါဖို့၊ အသက်ကို လိမ်ညာပြီး မကစားဖို့က အရေးကြီးပါတယ်။ ဒါတွေကိုလည်း စိစစ်ကြပ်မတ် ဆောင်ရွက်လျက်ရှိပါတယ်။

ပြိုင်ပွဲတွေအတွက် အုပ်ချုပ်သူနည်းပြတွေ စေလွှတ်တာဝန်ပေးတဲ့အခါမှာ တချို့ကျတော့ ဦးစီးဌာနကဖြစ်စေ၊ ဆပ်ကော်မတီကဖြစ်စေ ရှိတဲ့ လူတစ်ယောက်ထည့်လိုက်ပါ ဆိုတာရှိတယ်၊ ဒီလိုမျိုး မဟုတ်ဘဲ တကယ်ကို အားကစားသမားကို နားလည်နိုင်တဲ့၊ ကူညီနိုင်တဲ့၊ ထောက်ပံ့နိုင်တဲ့သူ၊ အရည် အသွေးအရလည်း ထူးချွန်ထက်မြက်တဲ့ နည်းပြတွေကို စိစစ်ရွေးချယ်ပြီးတော့မှ တာဝန်ပေးဖို့ပါ။

ဒါမှလည်း ပြိုင်ပွဲရဲ့အဆင့်အတန်း မြင့်မားမှာ ဖြစ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီး အားကစားပြိုင်ပွဲတွေ ယှဉ်ပြိုင်ဖို့နဲ့ နောက်လာမယ့် ၂၀၂၃-၂၀၂၂ ပြည်နယ်နဲ့ တိုင်းဒေသကြီး ပြိုင်ပွဲများကျင်းပရေးအတွက် အားကစားနှင့်ကာယပညာဦးစီးဌာနကနေ ကြိုတင်စီမံဆောင်ရွက်ထားတဲ့ အားကစားပြက္ခဒိန်အခြေအနေတွေကို ရှင်းပြခြင်းဖြစ်ပါတယ်။

**မေး။ ။ ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာကိုလည်း သိပါရစေ။**

**ဖြေ။** ။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပရတဲ့ ရည်ရွယ်ချက်တွေများစွာ ရှိပါတယ်။ အဓိကအချက်ကို ထုတ်နုတ်ပြောရရင် နံပါတ်တစ်က ဒီလိုပြိုင်ပွဲတွေ ကျင်းပခြင်းအားဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ကျွန်တော်တို့ နိုင်ငံ့လက်ရွေးစင်အသင်းကို အထောက်အကူပြုစေမယ့် ဒေသအသီးသီးက ထူးချွန်ထက်မြက်တဲ့ ရွက်ပုန်းသီး လူငယ်မျိုးဆက်သစ် အားကစားသမားတွေ ရွေးချယ်ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။

နောက်တစ်ခုက တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ ချစ်ကြည်စည်းလုံးမှု ရရှိပြီးတော့ ဒီမှာ တိုင်းရင်းသားတွေ စုစည်းကြမယ်။

*စာမျက်နှာ ၁၁ သို့*

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ တပ်ကုန်းမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ဆေးရုံနှင့်အခြေခံပညာကျောင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်သည် နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်းနှင့် ဦးမြင့်စိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများဖြစ်ကြသော အထက(၈)၊ အထက(၄)၊ အထက(၁)၊အထက(၂)နှင့် အထက(ခွဲ) ဗိုလ်မင်းရောင်၊ ဇေယျာသီရိမြို့နယ်အတွင်းရှိ အထက(ပြည်စံအောင်)နှင့် အထက(ကျောက်ချက်) တို့ ပြန်လည်ဖွင့်လှစ် သင်ကြားနိုင်ရေးနှင့် တပ်ကုန်းမြို့နယ် ပြည်သူ့ဆေးရုံ(ခုတင် ၁၀၀) တွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးစိုးသိုက်နှင့် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအပ်နှံရေး စီစဉ်ထားရှိမှု၊ ကျောင်းသားနှင့်ဆရာ ဆရာမ အချိုး၊ စာသင်ခန်းများဖွင့်လှစ်သင်ကြားနိုင်ရေးစီမံထားရှိမှု၊ ကျောင်းစာကြည့်တိုက်နှင့် ကျောင်းကျန်းမာရေး ဆေးခန်းအခြေအနေ၊ စာသင်ခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ စာသင်ခုံနေရာချထားမှု၊ စာသင်ချိန်များစီစဉ်ထားမှု၊ သင်ထောက်ကူပစ္စည်းများ ဆောင်ရွက်ထားမှုအခြေအနေ၊ ကျောင်းကြို/ပို့ ယာဉ်ပြေးဆွဲမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အပူချိန်တိုင်းကိရိယာများ၊ လက်ဆေးဘေစင်နှင့် လက်ဆေးဆပ်ပြာများ၊ လက်သန့်စင်ဆေးရည်၊ နှာခေါင်းစည်း (Mask)များ စီစဉ်ထားရှိမှု၊ သောက်သုံးရေ ရရှိနိုင်ရေးပြင်ဆင်ထားရှိမှု၊ သန့်စင်ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆရာ ဆရာမများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများနှင့် ကျောင်းများတွင် လိုအပ်သည့် အဆောက်အအုံများ ဆောက်လုပ်ပေးနိုင်ရေး ရှင်းလင်းတင်ပြကြပြီး တပ်ကုန်းပြည်သူ့ဆေးရုံ (ခုတင် ၁၀၀) ဆေးရုံအုပ် ဒေါက်တာထွန်းထွန်းနှင့် တာဝန်ရှိသူများက လူနာများအား ဆေးကုသဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျောင်းဆရာဆရာမများအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျောင်းသား ကျောင်းသူများကို ပိုမိုယဉ်ကျေးလိမ္မာပြီး စံပြကျောင်းသား၊ ကျောင်းသူများဖြစ်ပေါ်စေရေးနှင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးစေလိုကြောင်း၊ အခြေခံကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကိုဗစ်-၁၉ စည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးတို့အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့များ၊စည်ပင်သာယာရေးကော်မတီ၊ မီးသတ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုများမှ သက်ဆိုင်ရာအဖွဲ့အစည်းများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားပြီး ဆရာ ဆရာမများ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးနှင့် လုံခြုံရေးလိုအပ်သော ဆေးရုံနှင့် ကျောင်းများကို ရဲတပ်ဖွဲ့မှ လုံခြုံရေးဆောင်ရွက်ပေးနိုင်ရေးတို့ကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းများဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ယဉ်ကျေးမှုချင်းဖလှယ်ဖို့၊ တစ်ယောက်နဲ့ တစ်ယောက် မိတ်ဆွေဖွဲ့မှု တွေ့ရမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ကျင်းပရင် ကျွန်တော်တို့ ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမတွေဟာ နိုင်ငံထဲမှာရှိတဲ့ ရေမြေတောတောင်အလှရှုခင်းတွေနဲ့ သူတို့ရဲ့ ထုံးတမ်းယဉ်ကျေးမှုတွေကိုပါ လေ့လာခွင့် ရပြီးတော့ ချစ်ကြည်ရင်းနှီးမှု ခိုင်မာစေပြီးတော့ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုပြီး အကောင်အထည်ဖော်နိုင်မယ်။

ပြီးတော့ အားကစားသမားတွေအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကနေတစ်ဆင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး၊ တိုင်းပြည်ချစ်တဲ့ စိတ်ဓာတ်ရှိရေးနဲ့ ပြည်နယ်နဲ့ တိုင်းပြိုင်ပွဲတွေကတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အဆင့်အထိ ရွေးချယ်ခံရအောင် ကြိုးစားဆောင်ရွက်ပြီး နိုင်ငံတော်အတွက် ရွှေတံဆိပ်ရအောင် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တက်စေရမယ်ဆိုတာတွေ ပါပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေပြီးတာနဲ့ ဝန်ကြီးဌာနပေါင်းစုံ၊ National Championship ဒီလိုအဆင့်ဆင့်သွားတဲ့ အတွက်ကြောင့်ပါ။ နောက်ဆုံးလက်ရွေးစင်ဖြစ်သွားပြီး နိုင်ငံတကာမှာ သွားပြိုင်တော့လည်း နေထိုင်စားသောက်မှုကအစ ပြိုင်ပွဲမှာ အလေ့အကျင့်ကောင်းတွေအားလုံးကို ဒီတိုင်းဒေသကြီးနဲ့ ပြည်နယ် အားကစားပြိုင်ပွဲတွေကနေရရှိအောင် လေ့ကျင့်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဖြည့်စွက် ပြောကြားချင်တာရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** ။ အားကစားကို တစ်နိုင်ငံလုံးက အားပေးတယ်။ နိုင်ငံတော်အဆင့် အကြီးအကဲတွေ၊ ပြည်သူလူထု၊ အဖွဲ့အစည်းအသီးသီးကလည်း အားကစားကို အားပေးကြတယ်။ ဥပမာအားဖြင့်ပြောရရင် အခု ဘောလုံးပွဲတွေ ကျင်းပမှာဖြစ်ပါတယ်။ ဘောလုံးနိုင်တယ်ဆိုရင် တစ်နိုင်ငံလုံးက ပျော်ရွှင်ကြည်နူးမှုကို ခံစားရတယ်။ အားကစားအောင်နိုင်လို့၊ ရွှေတံဆိပ်ဆုရလို့ နိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းကို ဆိုတယ်။ အနိုင်ရတဲ့အခါ တကယ်ကို မျက်ရည်ကျတဲ့၊ ကြက်သီးမွေးညင်းထရတဲ့၊ ကျွန်တော်တို့ နိုင်ငံ အလံကို တခြားနိုင်ငံကပါ အလေးပြုဂုဏ်ပြုရတာ ဖြစ်တဲ့အတွက် အားကစားကနေရတဲ့ အဖိုးမဖြတ်နိုင်တဲ့ တန်ဖိုးလို့ ပြောချင်ပါတယ်။ ဒါကြောင့် အားကစားကို ပြည်သူတစ်ရပ်လုံး၊ ဌာနပေါင်းစုံ၊ အဖွဲ့အစည်းအသီးသီးကနေ အားပေးထောက်ပံ့ ကူညီဆောင်ရွက်ပေးကြ ပါလို့ မေတ္တာရပ်ခံ ပြောကြားလိုပါတယ်။

---



## ဒုတိယဝန်ကြီး ဦးရဲတင့် တောင်ကြီး၊ ညောင်ရွှေနှင့် ကလောမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၌ ထပ်ဆင့်လွှင့်လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် စက်ရုံအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေ မြို့နယ်ရုံး၊ ကလောမြို့နယ်ရုံးတို့သို့ ရောက်ရှိပြီး လူထုအခြေပြုဗဟိုဌာန၊ ပြည်သူ့စာကြည့်တိုက်၊ ပြတိုက်ငယ်ခင်းကျင်းပြသထားရှိမှု ၊ ကလေးစာဖတ်ခန်း၊ ကွန်ပျူတာသင်တန်းခန်းနှင့် ရုံးခန်းများ၊ ရွှေ့လျားစာကြည့်တိုက်နှင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် သက်ဆိုင်ရာ မြို့နယ်များ၏ လူထုအခြေပြုဗဟိုဌာနများတွင် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့က ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံး၌ အရာထမ်း၊ အမှုထမ်းများနှင့် လည်းကောင်း၊ တောင်ကြီးမြို့ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့် စက်ရုံ၊ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)တို့မှ အရာထမ်း အမှုထမ်းများနှင့် လည်းကောင်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

---

## ရေဝေရေလဲ ဧရိယာတွင် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ် အသိပညာပေးဆွေးနွေး

**လယ်ဝေး မေ ၁၃**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ပေပင်ကျေး ရွာဘုန်းတော်ကြီးကျောင်းတွင် ယနေ့ နံနက်ပိုင်းက သီးနှံသစ်တောရောနှောစိုက်ပျိုး ခြင်းနည်းစနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်ခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ သစ်တောသုတေသနဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မျိုးသန်းက ရေဝေရေလဲဒေသတွင် မြေဆီလွှာထိန်းသိမ်းနိုင်ရေး သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းလုပ်ငန်း၊ ဒက္ခိဏခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက သစ်တောဦးစီးဌာနမှ ဆောင်ရွက်မည့်အစီအစဉ်များ၊ တိုးချဲ့ပညာပေးရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုးက သီးနှံ သစ်တော ရောနှောစိုက်ပျိုးခြင်းနည်းစနစ်ဖြင့် CF လုပ်ငန်း ဆောင်ရွက်ပေးနိုင်သည့်အခြေအနေများကို ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲတွင် လယ်ဝေးမြို့နယ် ချောင်းမငယ် ရေလှောင်တမံ၏ ရေဝေ ရေလဲဧရိယာအတွင်းရှိ ပေပင်ကျေးရွာနှင့် ဥသျှစ်လှိုင်း ကျေးရွာတို့မှ ဒေသခံပြည်သူများနှင့် ပေပင်ကျေးရွာ၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် ဓလေ့အရ သီးနှံသစ်တောရောနှော စိုက်ပျိုးလိုသည့်ပုံစံ၊ အမျိုးအစားဖော်ထုတ်ခြင်းနှင့် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းနည်းစနစ် အကျိုးရှိပုံများကိုလည်း အပြန်အလှန် ဆွေးနွေးခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် သီလရှင်သင်ပညာရေးကျောင်းများ၌ သက်န်း၊ လှူဖွယ်ဝတ္ထုနှင့် သီလရှင်ဝတ်စုံများလှူဒါန်း

**နေပြည်တော် မေ ၁၃**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် မေ ၁၁ ရက်တွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ကျောက်စရစ်ကုန်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရွှေမြို့ကြီးဂိုဏ်းထောက် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပုဗ္ဗသီရိမြို့နယ်ရှိ အဝါရောင်မျိုးဆက်သစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ပြင်ကြီးသာသနာ့ဝေပုလ္လ သီလရှင်သင်ပညာရေးကျောင်းများသို့လည်းကောင်း၊ မေ ၁၂ ရက်တွင် ပျဉ်းမနားမြို့နယ်ရှိ ရတနာမှန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊စက်ရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပန်းပဲစုဘုန်းတော်ကြီးသင် ပညာရေးကျောင်းနှင့် ဇေယျာသီရိမြို့နယ်ရှိ ရွှေကြာပျိုးခင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့လည်းကောင်း၊ မေ ၁၃ ရက်တွင် ဒက္ခိဏသီရိမြို့နယ်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လယ်ဝေးမြို့နယ်ရှိ ပုဏ္ဏမိဂုဏ်ဝေ သီလရှင်သင်ပညာရေးကျောင်း၊ အောင်ချမ်းသာ သီလရှင်သင်ပညာရေးကျောင်းနှင့် သံလမ်း(၂) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့လည်းကောင်း သွားရောက်၍ ကျောင်းအုပ်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများလျှောက်ထားသည်။



ထိုသို့လျှောက်ထားရာတွင် မေ ၁၀ ရက်က ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၁၀/၂၀၂၂)၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသည် မြန်မာ့ပညာရေးစနစ်အတွက် ခေတ်အဆက်ဆက်များစွာ အထောက်အကူပြုခဲ့ကြောင်းနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အဆင်ပြေစွာပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထည့်သွင်း ပြောကြားခဲ့ကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ အသစ်လျှောက်ထားခြင်းနှင့် အဆင့်တိုးမြှင့်လျှောက်ထားခြင်းတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ အရည်အသွေးမြင့်မားစေရေးနှင့် ဆရာ ဆရာမများ အရည်အချင်းပြည့်မီစေရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ကူးရာတွင်လည်း ပိုင်ပိုင်နိုင်နိုင် အရည်အချင်းရှိရှိ ကူးနိုင်အောင် သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများ ဖွင့်လှစ်သည့်အချိန်တွင် ကျောင်းသားများ အခက်အခဲမရှိစေရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားများ အခြေခံပညာကျောင်းများသို့ ကျောင်းပြောင်းသည့်အခါ အာမခံချက်ရရှိရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျောင်းသားများ အတန်းပညာကို သင်ယူကြသည့်နည်းတူ ဗုဒ္ဓဘာသာကို အခြေခံသော ယဉ်ကျေးမှုသင်တန်းများကိုပါ တက်ရောက်သင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အခြေခံပညာကျောင်းများဖွင့်လှစ်သည့်အချိန်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ပါရန် လျှောက်ထားပြီး ကျောင်းအုပ်ဆရာတော်များနှင့် သီလရှင်ဆရာကြီးများ၏ ဩဝါဒကိုနာယူကာ သင်္ကန်း၊ လှူဖွယ်ဝတ္ထုများနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ကျောင်းစာသင်ခန်းများ ပြင်ဆင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ ဆရာမများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

● ကျောဖုံးမှ

(ခ) **ဝန်ဆောင်မှုပေးမည့် လုပ်ငန်းများ**

(၁) စာရင်းအသစ်ဖွင့်သူများအတွက် အထူးကောင်တာ သီးခြားဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး စာရင်းအသစ် ဖွင့်လှစ်ပေးခြင်းနှင့် ငွေသားအပ်နှံမှု လက်ခံခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

(၂) အဆိုပါ စာရင်းအသစ်မှ အခြားငွေပေးချေမှုများဖြစ်သည့် စာရင်းပြောင်းနည်းလမ်း၊ ငွေပေးအမိန့်လွှာ၊ ချက်လက်မှတ်များဖြင့် ထုတ်ပေးသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ငွေသားပြန်လည် ထုတ်ယူလိုပါကလည်း အပ်နှံထားသည့် ငွေပမာဏအတွင်း ကန့်သတ်ချက်မရှိ ထုတ်ယူနိုင်ပါသည်။

(၃) အဆိုပါ အထူးကောင်တာမှ မြန်မာ့စီးပွားရေးဘဏ် ခရိုင်ဘဏ်ခွဲ (၇၆) ဘဏ်သို့ အပြန်အလှန် ငွေလွှဲပေးပို့ခြင်းကို ငွေသားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၄) ငွေသားအပ်နှံမှု၊ ထုတ်ယူမှုနှင့် ငွေလွှဲပေးပို့မှုစသည့် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

---

# ဂျပန်သတင်းထောက် Mr. Yuki Kitazumi အား မြန်မာ-ဂျပန်နှစ်နိုင်ငံဆက်ဆံရေးကို ရှေးရှု၍ အမှုပိတ်သိမ်းပြန်လည်စေလွှတ်မည်

**နေပြည်တော် မေ ၁၃**

ဂျပန်သတင်းထောက် Mr. Yuki Kitazumi သည် CDM လှုပ်ရှားမှုနှင့် ဆူပူဆန္ဒပြမှုများအား ဆက်လက်ပြုလုပ်နိုင်ရန် ထောက်ပံ့ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၁၈-၄-၂၀၂၁ ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် လည်းကောင်း၊ ဗီဇာစည်းကမ်းဖောက်ဖျက်မှုဖြင့်လည်းကောင်း တရားစွဲဆိုအမှုဖွင့်ဆောင်ရွက်ခဲ့သည်။

ဂျပန်သတင်းထောက် Mr. Yuki Kitazumi သည် ဥပဒေချိုးဖောက်ထားသူဖြစ်သော်လည်း မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ ယခုအချိန်အထိ ရင်းနှီးသော ဆက်ဆံမှုနှင့် အနာဂတ်ဆက်ဆံရေးကို ရှေးရှုလျက် မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်အစိုးရအထူးကိုယ်စားလှယ်၏ မေတ္တာရပ်ခံချက်ကို အလေးထားပြီး ၎င်းအားစွဲဆိုထားသောအမှုများကို ရုပ်သိမ်း၍ ပြန်လည်စေလွှတ်ပေးမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

**※ ကျောဖုံးမှ**

ပွဲအစ ၁၆ မိနစ်တွင် အေတီမက်အသင်း အဖွင့်ဂိုး ရရှိခဲ့သည်။ အဆိုပါဂိုးကို လော်ရန်တေး၏ ဖန်တီးပေးမှုမှတစ်ဆင့် ကာရက်စ်ကိုက သွင်းယူပေးနိုင်ခဲ့သည်။ အေတီမက်အသင်းသည် ပထမပိုင်းပွဲချိန်တွင် ဆိုစီဒက်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုသိသိသာသာ အသာစီးရယူထားနိုင်ခြင်း မရှိသော်လည်း ဂိုးကန်သွင်းမှုအပိုင်းတွင် အသာစီးရယူထားနိုင်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၂၈ မိနစ်တွင် အေတီမက်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဆွာရက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ကော်ရဲရားက သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းကို အေတီမက်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ဆိုစီဒက်အသင်းသည် ကစားသမား ငါးဦးအထိ အပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း လိုအပ်နေသည့် ချေပဂိုးများကို မိနစ် ၈၀ ကျော်သည်အထိ မြင်တွေ့ခဲ့ရခြင်း မရှိချေ။ သို့သော်လည်း ပွဲချိန် ၈၃ မိနစ်တွင် ဆိုစီဒက်အသင်း ချေပဂိုးရရှိခဲ့ပြီး ဇူဘယ်ဒီယာက သွင်းယူပေးနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် ဆိုစီဒက်အသင်းသည် အေတီမက် အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှုအသာ၊ ဂိုးကန်သွင်းမှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သည်ကို တွေ့ရသည်။

ထို့နောက် ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အေတီမက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အေတီမက်အသင်းသည် လာမည့်ပွဲစဉ်နှစ်ပွဲအဖြစ် မေ ၁၆ ရက်တွင် အိုဆာဆူနာ၊ မေ ၂၃ ရက်တွင် ဗယ်လာဒိုလစ် အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

---

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အားကစားနည်းအချို့ စတင်စခန်းသွင်းလေ့ကျင့်

**ရန်ကုန် မေ ၁၃**

အိမ်ရှင်ဗီယက်နမ်နိုင်ငံက နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲအတွက် အားကစားနည်းအချို့ စတင်စခန်းသွင်း လေ့ကျင့်နေပြီဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် ယှဉ်ပြိုင်ရေးဌာနမှ သိရသည်။

"လက်ရှိမှာတော့ အားကစားနည်း လေးမျိုးဖြစ်တဲ့ သေနတ်ပစ်၊ လှေလှော်၊ ဖူဆယ်၊ ကာယဗလ တို့က ရန်ကုန်မှာ လေ့ကျင့်နေပြီ။ အဲဒီအထဲမှာ ကရာတေးနဲ့ စစ်တုရင်ကတော့ လေ့ကျင့်ဖို့ ကျန်ပါသေးတယ်။ စခန်းသွင်းလေ့ကျင့်မှုက စုံသလောက်ဖြစ်နေပါပြီ။ ဒီကာလကြီးက ကိုဗစ်ကာလ မပြီးသေးတဲ့အခါကျတော့ နိုင် လောက်မယ့်အားကစားနည်းတွေကိုပဲလေ့ကျင့်ပြီး သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်"ဟု ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးမှ ညွှန်ကြားရေးမှူး (၂) ဦးကျော်ဇင်မိုးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အားကစားနည်း ၁၈ မျိုးသာ ဝင်ရောက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းထက် ကစားနည်း ၁၃ မျိုးအထိ လျှော့နည်းစေလွှတ် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အကြိမ်(၃၀)မြောက် ဖိလစ်ပိုင်ဆီးဂိမ်းတွင် မြန်မာမှ အားကစားနည်း ၃၁ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်းပေါင်း ၂၀ တွင် ရွှေတံဆိပ် လေးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၅၁ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ဗီယက်နမ် ဆီးဂိမ်းပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည့် အားကစားနည်း ၁၈ မျိုးအနက် လေးမျိုးကို ရန်ကုန်မြို့တွင် စတင် စခန်းသွင်းလေ့ကျင့်နေပြီး ကျန်အားကစားနည်းအချို့ကို နေပြည်တော်တွင် စတင်စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

# ထိုင်းအကျဉ်းထောင်များတွင် ကိုဗစ်အစုလိုက်ကူးစက်မှုကြောင့် နိုင်ငံအတွင်း ကိုဗစ်ကူးစက်မှုမြင့်တက်လာ

ဘန်ကောက် မေ ၁၃

**အရှေ့တောင်အာရှနိုင်ငံများသည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ရန် ကြိုးစားနေသည်။ ထိုင်းနိုင်ငံတွင် အကျဉ်းထောင်များအတွင်း ကိုဗစ်-၁၉ အစုလိုက် ကူးစက်ဖြစ်ပွားပြီးနောက် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု စံချိန်တင်ခဲ့သည်။**

ထိုင်းကျန်းမာရေးအာဏာပိုင်များက မတ် ၁၃ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၄၈၀၀ ကျော်ရှိခဲ့ကြောင်း ဖော်ပြသည်။ ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ဘန်ကောက်ရှိ အကျဉ်းထောင်နှစ်ခုတွင် ဖြစ်ပွားသော အစုလိုက် ကိုဗစ်-၁၉ ကူးစက်ခံရသူများဖြစ်သည်။

လွန်ခဲ့သည့်သီတင်းပတ်က အာမခံဖြင့် လွှတ်ပေးခဲ့ပြီးနောက် ထိန်းသိမ်းခံ အစိုးရဆန့်ကျင်ဆန္ဒပြခေါင်းဆောင်တစ်ဦး၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တွေ့ရှိခဲ့သည်။ တော်ဝင်မိသားစုအား စော်ကားမှုဖြင့် ၎င်းကို ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်၌ ပထမဆုံးတွေ့ရှိခဲ့သော ကိုဗစ်-၁၉ အသွင်ပြောင်းမျိုးစိတ်သစ်သည် တစ်လကြာသောအခါ ထိုင်းနိုင်ငံတွင် ကူးစက်ဖြစ်ပွားခဲ့သည်။ အိန္ဒိယနိုင်ငံတွင် တွေ့ရှိခဲ့သည့် နောက်ထပ် ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုးကို ယခုသီတင်းပတ်အစောပိုင်း၌ ထိုင်းနိုင်ငံတွင် တွေ့ရှိခဲ့သည်။

အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူများကို အပြင်ထွက်သည့်အခါ နှာခေါင်းစည်းများတပ်ဆင်ရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့သည်။ ထို့အပြင် အများပြည်သူဆိုင်ရာနေရာများနှင့် မြို့တော်အတွင်းရှိ စီးပွားရေးလုပ်ငန်းများကို ယာယီပိတ်သိမ်းရန် အမိန့်ထုတ်ပြန်ထားသည်။

**အင်န်အိတ်ချ်ကေ**



ဘန်ကောက်မြို့ရှိ ကလွန်ပရမ် ဗဟိုအကျဉ်းထောင်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအဟုန် ယခုလအတွင်း အမြင့်ဆုံးဖြစ်မည်

**နယူးဒေလီ မေ ၁၃**

အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအဟုန်သည် နှေးကွေးလာမည့်လက္ခဏာ မရှိကြောင်း ပြသလျက်ရှိသည်။ ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ နှစ်ရက်ဆက်တိုက် ၄၁၀၀ ကျော်လွန်လာပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူပေါင်းသည် မေ ၁၃ ရက်က ၃၆၂၀၀၀ ကျော်လွန်လာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု မြင့်တက်လာခြင်းက နိုင်ငံ၏ ကျန်းမာရေးစနစ်ကို ပြိုလဲစေရန် ဖိအားပေးလျက်ရှိသည်။ ဆေးရုံခုတင်မရှိခြင်းနှင့် အောက်ဆီဂျင်ထောက်ပံ့မှု ပြတ်လပ်ခြင်းများကြောင့် ကိုဗစ်လူနာများအား ဆေးရုံများ သို့မဟုတ် လူနာတင်ယာဉ်များပေါ်တွင် သေဆုံးခြင်းကဲ့သို့သော ဖြစ်စဉ်များအပါအဝင် နေ့စဉ် ထိန်းမနိုင်သိမ်းမရ ဝရုန်းသုန်းကားဖြစ်နေသည့် အခြေအနေကို ဒေသတွင်းမီဒီယာများတွင် ဖော်ပြသည်။

အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံများမှ အောက်ဆီဂျင်ကဲ့သို့သော အကူအညီပစ္စည်းများ မြို့တော်ဒေလီသို့ စတင်ရောက်ရှိလာပြီဖြစ်သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် မြို့များမှ ဆေးဘက်ဆိုင်ရာစနစ် အရည်အသွေးမမီသော ကျေးလက်ဒေသများသို့ ကူးစက်ပျံ့နှံ့လျက်ရှိရာ အိန္ဒိယပြည်နယ်အများစုတွင် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ချမှတ်ထားသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခုလတွင် အမြင့်ဆုံးဖြစ်မည်ဟု တချို့ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

ကျန်းမာရေးဝန်ထမ်းတစ်ဦး ကိုဗစ်-၁၉ လူနာများ၏ ဆေးမှတ်တမ်းများကို ကြည့်နေစဉ်။



# ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဂျပန်နိုင်ငံတွင် ဆက်လက်မြင့်တက်

**တိုကျို မေ ၁၃**

ကိုဗစ်-၁၉ အရေးပေါ်အခြေအနေ ကြေညာချက်သည် တိုကျို၊ အိုဆာကာနှင့် တခြားပြည်နယ်လေးခုကို လွှမ်းခြုံဖြန့်ကြက်ထားသော်လည်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဂျပန်နိုင်ငံတွင် ဆက်လက်မြင့်တက်လျက်ရှိသည်။

တိုကျိုတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၀၁၀ ရှိလာကြောင်း တိုကျိုအရာရှိများက မေ ၁၃ ရက်တွင် ပြောသည်။ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် ယခုလအတွင်း လေးကြိမ်မြောက် လေးဆအထိ မြင့်တက်လာခဲ့သည်။

မြောက်ဘက်အကျဆုံး ဟော့ကိုင်းဒိုးခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၇၁၂ ဦး ရှိလာခဲ့သည်။ ထပ်မံဖြစ်ပွားလာသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများစုသည် အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ကြောင့်ဟုဆိုကာ ယင်းမျိုးစိတ်သစ်အပေါ် ပိုမိုပြစ်တင်လာကြသည်။ ယခင် ကိုဗစ်-၁၉ နှင့် နှိုင်းယှဉ်ကြည့်လျှင် အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်ကြောင့်ဖြစ်ပေါ်လာနိုင်သည့်ဘေးအန္တရာယ်များသည် အတိအကျအကဲဖြတ်ရန် မလွယ်ကူကြောင်း သုတေသီများက ပြောသည်။

သို့သော်လည်း အသွင်ပြောင်းမျိုးစိတ်သစ်သည် လူနာများကို ပိုမိုအန္တရာယ်ဖြစ်စေသည်ဟူသည့် ယူဆချက်အပေါ် အခြေခံပြီး ကိုဗစ်-၁၉ ဆန့်ကျင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် ဆေးဝါးကုသမှုများကို လုပ်ဆောင်သင့်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

အဆိုပါ သတိပေးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အခြေအနေများကို ကျွမ်းကျင်သူများက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်လာသည်ကို ဖော်ပြထားမှု။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်ဖြင့် သေဆုံးသူ ၁၂၀၇၆ ဦးရှိလာ

ဒါကာ မေ ၁၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မေ ၁၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၉၀ ရှိပြီး သေဆုံးသူ ၂၁ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၇၇၈၆၈၇ ဦး ရှိလာခဲ့သည်။ ထို့အပြင် သေဆုံးသူပေါင်းမှာလည်း ၁၂၀၇၆ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ဆောင်မှုဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ရုံးက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီက တို့ဖတ်နမူနာပေါင်း ၁၃၄၇၁ ခုကို စမ်းသပ်စစ်ဆေးခဲ့သည်။ မေ ၁၃ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၁၃၇၀ တိုးလာမှုနှင့်အတူ စုစုပေါင်း ၇၁၉၆၁၉ ဦး ရှိလာခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုဗစ်-၁၉ သေဆုံးနှုန်းသည် ယခုအခါ ၁ ဒသမ ၅၅ ရာခိုင်နှုန်းရှိပြီး လတ်တလော ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်ကောင်းမွန်လာသည့်နှုန်းသည် ၉၂ ဒသမ ၄၁ ရာခိုင်နှုန်းရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၇ ရက်က ၇၆၂၆ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအမြင့်ဆုံးဖြစ်ကာ ဧပြီ ၁၉ ရက်က ၁၁၂ ဦးဖြင့် သေဆုံးမှုအရေအတွက် အမြင့်ဆုံးဖြစ်ခဲ့သည်။ **ဆင်ဟွာ**

## ဘရာဇီးနိုင်ငံတွင် ကိုဗစ်ဖြင့် သေဆုံးသူ လေးသိန်းကျော်လာ

**ရီယိုဒီဂျနေးရိုး မေ ၁၃**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ ၂၄၉၄ ဦးရှိလာကြောင်း မှတ်တမ်းတင်ဖော်ပြခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သေဆုံးသူပေါင်း ၄၂၈၀၃၄ ဦးအထိ ရောက်ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၃ ရက်တွင် ပြောသည်။

၇၆၆၉၂ ဦး ကိုဗစ်-၁၉ ထပ်မံတွေ့ရှိခဲ့သဖြင့် စုစုပေါင်း ကိုဗစ်-၁၉ တွေ့ရှိသူ ၁၅၃၅၉၃၉၇ ဦး ရှိလာခဲ့သည်။

အမေရိကန်ပြည်ထောင်စုပြီးနောက် ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဒုတိယအမြင့်ဆုံး ကိုဗစ်-၁၉ သေဆုံးမှုဖြစ်ပွားခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် အယောက် ၁၀၀၀၀၀ လျှင် ၂၀၄ ဦးနှုန်း ကိုဗစ်ရောဂါဖြင့် သေဆုံးလျက်ရှိသည်။ **ဆင်ဟွာ**



## တလုပ်မြို့နှင့် ရဲတိုင်ကျေးရွာရှိ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် တလုပ်မြို့ကျေးရွာ၌ ဆူပူအကြမ်းဖက် ဆန္ဒပြသူများအား ဖြိုခွဲထိန်းသိမ်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိကာ ဆူပူအကြမ်းဖက်သူ အမျိုးသား ငါးဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်/ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်များကြောင့် ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို လိုလားသည့် ကျေးရွာနေ ပြည်သူအချို့သည် စိုးရိမ်ထိတ်လန့်ပြီး ကျေးရွာမှ ရှောင်တိမ်းနေသည်ကို သိရှိရသဖြင့် ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အဖွဲ့ဝင်များက တလုပ်မြို့ကျေးရွာနှင့် ရဲတိုင်ကျေးရွာများသို့ သွားရောက်၍ ကျေးရွာအတွင်း ကျန်ရှိသော ဒေသခံပြည်သူများအားတွေ့ဆုံကာ ကျေးရွာများအတွင်း လုံခြုံရေးဆောင်ရွက်ပေးထားမှု အခြေအနေများကို ရှင်းလင်းပြောကြားအားပေးကာ ကျေးရွာရှိ သက်ကြီး ဘိုးဘွားများကို တိုင်းစစ်ဌာနချုပ်မှ ဆေးအဖွဲ့များက ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရဲတိုင်ကျေးရွာရှိ မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကေသရအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲခဲ့သည့် မြင်းခြံမြို့မှ တလုပ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ လျှပ်စစ်မီးဖြန့်ဝေပေးနေသော တလုပ်မြို့ကျေးရွာအဝင်ရှိ ဓာတ်မီးတိုင်များအား မြင်းခြံမြို့နယ် လျှပ်စစ်ရုံးမှ ဝန်ထမ်းများဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ နှစ်သိန်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၁၃**

တပ်မတော်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအနက် ပြည်သူလူထုအတွက် အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍမြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်း၍ ဒေသခံပြည်သူလူထုအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့် လူနာများအား ခွဲစိတ်ကုသပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

### နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိ

ထို့အပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာပေါင်း ၂၀၁၇၆၂ ဦးနှင့် အတွင်းလူနာပေါင်း ၆၁၉၉၀ တို့ကို ကုသပေးနိုင်ခဲ့သည်။

၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၉၃၈၅ ဦး၊ အသေးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၄၇၉၄ ဦး စုစုပေါင်း ၁၄၁၇၉ ဦးတို့ကို ခွဲစိတ် ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။

### ပူးပေါင်းဆောင်ရွက်သွားမည်

ထို့အပြင် ကလေးမီးဖွားလူနာ ၄၈၅၀ ကို ခွဲစိတ်၍ လည်းကောင်း၊ ၇၂၀၃ ဦးကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၂၀၅၃ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။ ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍမြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

### စားသောက်ဖွယ်ရာများ ပေးအပ်

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား မေ ၁၂ ရက်တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထိန်ဝင်းနှင့် အဖွဲ့ဝင်များက လည်းကောင်း သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းစီ၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**









# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၇ ဦး တွေ့ရှိ

## ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၁၂) ဦးရှိ

### (၁၃–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၂–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၀၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၉၇,၃၇၈) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၃,၀၀၄) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၂,၀၆၉) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၁၂) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကို တစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ၁၃-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၅၈၉၄၆၆ | ၂၆၆၂၀၆၈၉ | ၅၉၇၈၄၃ |
| ၂။ | အိန္ဒိယ | ၂၃၇၈၇၁၄၉ | ၁၉၈၁၀၃၉၆ | ၂၅၉၃၈၂ |
| ၃။ | ဘရာဇီး | ၁၅၃၆၁၆၈၆ | ၁၃၉၂၄၂၁၇ | ၄၂၈၂၅၆ |
| ၄။ | ပြင်သစ် | ၅၈၂၁၆၆၈ | ၄၉၆၀၀၉၇ | ၁၀၇၁၁၉ |
| ၅။ | တူရကီ | ၅၀၇၂၄၆၂ | ၄၈၀၁၂၉၁ | ၄၃၈၂၁ |
| ၆။ | ရုရှား | ၄၉၁၃၄၃၉ | ၄၅၂၇၈၇၈ | ၁၁၄၇၂၃ |
| ၇။ | ဗြိတိန် | ၄၄၄၁၉၇၅ | ၄၂၅၆၁၀၃ | ၁၂၇၆၄၀ |
| ၈။ | အီတလီ | ၄၁၃၁၀၇၈ | ၃၆၅၅၁၁၂ | ၁၂၃၅၄၄ |
| ၉။ | စပိန် | ၃၅၉၂၇၅၁ | ၃၂၉၁၁၅၆ | ၇၉၂၀၈ |
| ၁၀။ | ဂျာမနီ | ၃၅၆၉၂၄၉ | ၃၂၄၀၃၀၀ | ၈၆၁၈၉ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၃ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၇၃၁၆၅၂ | ၁၅၈၉၀၇၉ | ၄၇၇၁၆ |
| ဖိလစ်ပိုင် | ၁၁၂၄၇၂၄ | ၁၀၅၀၆၄၃ | ၁၈၈၂၁ |
| မလေးရှား | ၄၅၈၀၇၇ | ၄၁၄၇၀၇ | ၁၇၈၈ |
| မြန်မာ | ၁၄၃၀၀၄ | ၁၃၂၀၆၉ | ၃၂၁၂ |
| ထိုင်း | ၉၃၇၉၄ | ၅၉၀၄၃ | ၅၁၈ |
| စင်ကာပူ | ၆၁၄၅၁ | ၆၁၀၀၆ | ၃၁ |
| ကမ္ဘောဒီးယား | ၂၁၁၄၁ | ၉၅၁၉ | ၁၄၂ |
| ဗီယက်နမ် | ၃၇၁၀ | ၂၆၅၇ | ၃၅ |
| လာအို | ၁၄၈၂ | ၄၃၁ | ၁ |
| ဘရူနိုင်း | ၂၃၁ | ၂၂၀ | ၃ |

## ဟိုင်းကြီးကျွန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မေ ၁၂ ရက်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင် က ဟိုင်းကြီးကျွန်းမြို့ရှိ ပမ္မဝတီ ညွှန့်ရိပ်သာ၌ သွားရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တိုင်းမှူးက အမှာစကား ပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် COVID–19 ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၃**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးထွန်းလင်း | ဒုတိယမြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ ဘိုကလေးမြို့ | ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | ဦးနိုင်နိုင်ထွန်း | ဦးစီးအရာရှိ၊ မြို့နယ်ပညာရေးမှူးရုံး၊ ဝက်လက်မြို့ | ဝက်လက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | ဦးဇော်ဝင်းစံ | ကျောင်းအုပ်၊ အမက(အင်တောကန်)၊ ကညွတ်ကွင်းမြို့ | ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဦးကျော်သင်းဦး | ကျောင်းအုပ်၊ အလကခွဲ(၃)၊ ဝက်လက်မြို့ | ဝက်လက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | ဦးအောင်မင်းထွန်း | ကျောင်းအုပ်၊ အမက(တောင်ကုန်း)၊ ဗန်းမောက်မြို့နယ် | ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဦးမြတ်သီဟထွန်း | မူလတန်းပြ၊ အမက(ရွာသစ်စု)၊ မအူပင်မြို့နယ် | မအူပင်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်ခိုင်စုလွင် | ကျောင်းအုပ်၊ အထက(ကရင်ရွာကြီး)၊ တောင်ငူမြို့နယ် | အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဦးနောင်ထက်အောင် | အထက်တန်းပြ၊ အထက(ပိတောက်ကုန်း)၊ ရေတာရှည်မြို့နယ် | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ခင်နှင်းသက် | မူလတန်းပြ၊ အမက(စစ်မှုထမ်းဟောင်း)၊ မြဝတီမြို့ | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်ခက်ခက်ငြိမ်း | မူလတန်းပြ၊ အမက(မကျီးကွင်း)၊ လက်ပံတန်းမြို့နယ် | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |




ဦးနိုင်နိုင်ထွန်း(ဦးစီးအရာရှိ၊ မြို့နယ်ပညာရေးမှူးရုံး၊ ဝက်လက်မြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးကျော်သင်းဦး(ကျောင်းအုပ်၊ အလကခွဲ(၃)၊ ဝက်လက်မြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးအောင်မင်းထွန်း(ကျောင်းအုပ်၊ အမက(တောင်ကုန်း)၊ ဗန်းမောက်မြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့်စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



ဒေါက်တာ ခင်မောင်လွင်

## ယခင် မန္တလေးဆေးတက္ကသိုလ်၏ ပါမောက္ခ ဒေါက်တာ ခင်မောင်လွင်အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-ကဖြင့် အရေးယူထား

**နေပြည်တော် မေ ၁၃**

မန္တလေး ဆေးတက္ကသိုလ် ပါမောက္ခချုပ်တာဝန် ထမ်းဆောင်ခဲ့သည့် ဒေါက်တာခင်မောင်လွင်သည် ဖေဖော်ဝါရီ ၈ ရက်တွင် မန္တလေး ဆေးတက္ကသိုလ်အား CDM ကျောင်းအဖြစ် ကြေညာခြင်း၊ မန္တလေးဆေးတက္ကသိုလ်မှ ဆရာဝန်နှင့် ဝန်ထမ်းများအား ဦးဆောင်၍ CDM လှုပ်ရှားမှုတွင် ပါဝင်အားပေး ကူညီဆောင်ရွက်ခြင်း၊ CDM လှုပ်ရှားမှုတွင် မပါဝင်သေးသည့် ဆရာဝန်နှင့် ဝန်ထမ်းများအား ပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့ပြင် ဒေါက်တာခင်မောင်လွင်သည် CDM လှုပ်ရှားမှုတွင် ဦးဆောင် လှုံ့ဆော်ခဲ့သည့်အပြင် ဖေဖော်ဝါရီ ၂၆ ရက်က မန္တလေး ဆေးတက္ကသိုလ်အား ညွှန်ကြားရေးမှူး ဒေါ်ခင်စိုးရီဦးဆောင်သော အဖွဲ့မှ Non-CDM ပြုလုပ်၍ ကျောင်းပြန်လည် ဖွင့်လှစ်ကာ ရုံးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်အပေါ် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ပြောဆိုခြင်းများကိုလည်း ပြုလုပ်ခဲ့သည်။

ထို့ကြောင့် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဒေါက်တာခင်မောင်လွင်အား ချမ်းအေးသာစံမြို့နယ် အမှတ်(၈) နယ်မြေရဲစခန်းမှ (ပ)၂၀/၂၀၂၁၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ် အရေးယူထားပြီးဖြစ်သည်။

အဆိုပါ အမှုဖွင့်လှစ်ထားရှိသော တရားခံ ဒေါက်တာ ခင်မောင်လွင်အား ဝိုင်းဝန်းဖမ်းဆီးပေးနိုင်ပါရန်၊ တွေ့ရှိပါက နီးစပ်ရာ နယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးနိုင်ပါရန်နှင့် လက်ခံထားသူများအား တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာထားသည်။ **သတင်းစဉ်**

# ချောင်းဦးမြို့နယ်၌ နိုင်ငံတော်ဆန့်ကျင်ရေးအဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်ရန် ပြင်ဆင်နေသည့် အကြမ်းဖက်အဖွဲ့ကို သွားရောက်ရှင်းလင်းစဉ် အမျိုးသားနှစ်ဦး၊ တူမီးသေနတ်၊ လက်လုပ်သေနတ်၊ ဂက်စ်သေနတ်၊ ပြောင်းချောသေနတ်များ၊ လက်လုပ်မိုင်း၊ လက်လုပ်ဗုံးအများအပြားနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၁၃

**စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ နိုင်ငံတော်ဆန့်ကျင်ရေး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရန် ပြင်ဆင်နေသည့် အကြမ်းဖက်အဖွဲ့ကို သွားရောက်ရှင်းလင်းစဉ် အမျိုးသားနှစ်ဦးကို တူမီးသေနတ်၊ လက်လုပ်သေနတ်၊ ဂက်စ်သေနတ်၊ ပြောင်းချောသေနတ်များ၊ လက်လုပ်မိုင်း၊ လက်လုပ်ဗုံးအများအပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၄ နာရီခန့်တွင် ချောင်းဦးမြို့နယ် ကျီးကုန်းကျေးရွာနှင့် မသဲကြိုးကွင်းတောတိုက် ကြံတိုင်းအောင်ဘုရား အနီးပတ်ဝန်းကျင်တို့၌ လူငယ်အချို့တို့သည် အကြမ်းဖက်မှုကို လိုလားသည့် နောက်ကွယ်မှ အဖွဲ့အစည်းအချို့၏ သွေးထိုးလှုံ့ဆော်မြှောက်ပင့် ထောက်ပံ့မှုများဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ထိခိုက်ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် လူစုဝေးခြင်း၊ လက်လုပ်သေနတ်နှင့် လက်လုပ်ဗုံး၊ လက်လုပ်မိုင်းများ ပြုလုပ်ခြင်း၊ သေနတ်ပစ်လေ့ကျင့်သင်ကြားမှုများ ပြုလုပ်နေကြကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်းအကြမ်းဖက်အဖွဲ့အား ဖမ်းဆီးထိန်းသိမ်းရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နံနက် ၅ နာရီ ၃၅ မိနစ်တွင် မသဲကြိုးကွင်းတောတိုက်သို့ ရောက်ရှိစဉ် လက်နက်ကိုင် အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်၊ ခါးချိုးလေသေနတ်၊ လက်လုပ်ဗုံးများဖြင့် ဝိုင်းဝန်းရန်ပြုအကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ နံနက် ၆ နာရီတွင် လက်နက်ကိုင်အကြမ်းဖက်သူများ လူစုခွဲဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ၎င်းတို့အနက် ချောင်းမနားကျေးရွာနေ ဝေယံ (၂၄)နှစ် (ဘ) ဦးမင်းနိုင်နှင့် မထိသာကျေးရွာနေ တိုးတိုး (၂၀)နှစ် (ဘ) ဦးကျော်ဝင်းတို့ နှစ်ဦးအား ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အဆိုပါနေရာအား အသေးစိတ်စစ်ဆေးခဲ့ရာ တူမီးသေနတ်အရှည် ၂၂၀ လက်၊ အတို နှစ်လက်၊ ဂက်စ်လေသေနတ် ၂၄ လက်၊ ၁၂ ဗို့ ခါးချိုးသေနတ် ၂၄ လက်၊ ၁၂ ဗို့ကျည် ၁၀၇ တောင့်၊ လက်လုပ်သေနတ်တစ်လက်၊ ဓာတ်ခဲ သုံးလုံးဖြင့် ချိတ်ဆက်ပြုလုပ်ထားသည့် ချိန်ကိုက်မိုင်း တစ်လုံး၊ လက်လုပ်ဗုံး ၈၀၊ ခဲသီးအလုံး ၂၀ ပါ အထုပ် ၁၉ ထုပ်၊ ယမ်းထုပ်မျိုးစုံ ၄၂ ထုပ်၊ Laptop တစ်လုံး၊ Canon Printer တစ်လုံး၊ ဆိုင်ကယ် နှစ်စီးနှင့် အခြားဆက်စပ်ပစ္စည်းအများအပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။



ချောင်းဦးမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ချိန်ကိုက်မိုင်းနှင့် လက်နက်ခဲယမ်းများကို သိမ်းဆည်းရမိစဉ်။

ဖြစ်စဉ်တွင် အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များတွင် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိသူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆောမြို့နယ်၌ အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး၍ မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် သေဆုံး

**နေပြည်တော် မေ ၁၃**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ်၌ မေ ၁၃ ရက်တွင် အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး၍ မော်တော်ယာဉ်တစ်စီး မီးလောင်ပျက်စီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၃ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဆောမြို့နယ် သစ်တောစခန်းအနီး ဆိပ်ဖြူ-ကဇွန်းမ-ဆောသွား ကားလမ်း မိုင်တိုင်အမှတ် ၅၁ မိုင် ၂ ဖာလုံနှင့် ၃ ဖာလုံကြားတွင် အကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မော်တော်ယာဉ် တစ်စီး မီးလောင်ကျွမ်းလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ဆိပ်ဖြူမြို့မှ ဆောမြို့ဘက်သို့ ဘိလပ်မြေအိတ်များ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်၏ ကားခေါင်းပိုင်း မီးလောင်ကျွမ်းကာ ယာဉ်မောင်းဖြစ်သူ ဆိပ်ဖြူမြို့နယ် အနောက်ပိုင်းရပ်ကွက်နေ ဦးဖိုးချို(စိစစ်ဆဲ) သည် မီးလောင်ကျွမ်းသေဆုံးနေသည်ကို တွေ့ရှိရပြီး ကားရှေ့ဘီးဘေး မြေပြင်ပေါ်၌ ယာဉ်နောက်လိုက်ဖြစ်သူ ဦးထွန်းလွင်စိုး (စိစစ်ဆဲ)သည် ဦးခေါင်းနောက်စေ့ ပေါက်ပြဲကြေမွဒဏ်ရာ၊ ဦးနှောက်ထွက်၊ ခန္ဓာကိုယ် မီးလောင်ဒဏ်ရာများဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ရသည်။



ဆောမြို့နယ်၌ မော်တော်ယာဉ်တစ်စီး မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရစဉ်။

အထက်ပါ ဖြစ်စဉ်တွင် မော်တော်ယာဉ်ကို မီးရှို့ဖျက်ဆီးကာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့အား ရက်စက်စွာ သတ်ဖြတ်ခဲ့သူ အကြမ်းဖက်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ ပြည်သူလူထုမှ လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လာရောက်အပ်နှံ

**နေပြည်တော် မေ ၁၃**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ အေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူလူထုများမှ ၎င်းတို့၏ သဘောဆန္ဒအလျောက် ၎င်းတို့ထံတွင်ရှိသော လက်လုပ်သေနတ်များအား အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံလျက်ရှိသည်။

ထိုသို့ အပ်နှံရာတွင် မေ ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင် မြို့နယ် မိုးကောင်းကျေးရွာနေ ပြည်သူများမှ လက်လုပ်သေနတ်တစ်လက်အားလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြို့တွင်းကျေးရွာ၊ အင်္ဂရာပြည့်ကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ သိမ်ကုန်းကျေးရွာ၊ လက်ပံပျဉ်းကျေးရွာနှင့် ခေမံကျေးရွာများမှ တူမီးသေနတ်ခြောက်လက်၊ လက်လုပ်သေနတ် ၄၆ လက်၊ ဂက်စ်သေနတ် တစ်လက်၊ ဒူးလေး တစ်လက်တို့အား လည်းကောင်း၊ မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ပိသလိမ်းကျေးရွာမှ လက်လုပ်သေနတ် လေးလက်အားလည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ မြို့သစ်ရပ်ကွက်မှ လက်လုပ်လေသေနတ် နှစ်လက်အားလည်းကောင်း ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်၊ တူမီးသေနတ်နှင့် ဒူးလေးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်ခံရယူခဲ့ပြီး စနစ်တကျသိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်




# မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁၃**

ချင်းပြည်နယ် မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား ယမန်နေ့က လက်နက်ကိုင် အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၂ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မင်းတပ်မြို့ အရှေ့ပြင်ရပ်ကွက်ရှိ မင်းတပ်မြို့မရဲစခန်းအား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၁၀၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့်လည်းကောင်း၊ ည ၇ နာရီခွဲတွင် စံပြရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၅၀ ခန့်က တူမီးသေနတ်၊ လက်လုပ်သေနတ်များဖြင့်လည်းကောင်း၊ ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါဘဏ်အား လက်နက်ကိုင်အကြမ်းဖက်သူအင်အား ၄၀ ခန့်က ထပ်မံ၍ တူမီးသေနတ်များဖြင့် လည်းကောင်း ထပ်မံလာရောက်အကြမ်းဖက်ရန်ပြု ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်သူများ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့ပြီး အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများနှင့်စပ်လျဉ်း၍ အသိပေးထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၇ ရက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာသက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများ ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင် ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းများအနက် ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူခံခဲ့ရသူများ ရှိသကဲ့သို့ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ဥပဒေကြောင်းအရ အရေးယူခံခဲ့ရသူများလည်းရှိပါသည်။

၂။ အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းများအနက်မှ အချို့သည် CDM လှုပ်ရှားမှုများတွင် ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတော်ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သူများ ရှိသကဲ့သို့ အချို့သောဝန်ထမ်းများမှာ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက်အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကို စိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကိုစိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသူများလည်း ရှိကြပါသည်။

၃။ CDM လှုပ်ရှားမှုတွင် ပါဝင်မှုကြောင့် အရေးယူခံခဲ့ရသည့် နိုင်ငံ့ဝန်ထမ်းအချို့သည် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်ခဲ့မှု မရှိခဲ့သည့်အပြင် အထက်ပါအကြောင်းတစ်ရပ်ရပ်ကြောင့်သာ ပါဝင်ခဲ့ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းအဖြစ် ပြန်လည်တာဝန်ထမ်းဆောင်လိုကြောင်း တင်ပြလာပါက အောက်ဖော်ပြပါအချက်များကို အခြေခံ၍ ရာဇဝတ်ကြောင်းအရ တရားစွဲဆိုထားမှုများအား ပြန်လည်ရုပ်သိမ်းပေးမည်ဖြစ်ပါသည်-

(က) ယင်းဝန်ထမ်း၏ ယခင်တာဝန်ထမ်းဆောင်ခဲ့မှုအပေါ် ကျေနပ်ဖွယ်ရှိကြောင်းနှင့် ဆက်လက်တာဝန်ပေးအပ်ရန် သင့်တော်ကြောင်း သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှ ထောက်ခံခြင်း၊

(ခ) လူမှုကွန်ရက်များတွင် ရေးသားဖော်ပြ ဆောင်ရွက်ခဲ့မှုများသည် ပညာပေး၊ သတိပေးခြင်းဖြင့် ဆက်လက်ထိန်းသိမ်းနိုင်မည့် အခြေအနေရှိ၊ မရှိ၊ ကိုယ်တိုင် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်ခြင်း ရှိ၊မရှိ တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တရားစွဲအဖွဲ့အစည်းများ၏ သဘောထား မှတ်ချက်၊ ထောက်ခံချက်၊

(ဂ) ကာယကံရှင်ဝန်ထမ်း၏ ကတိဝန်ခံချက်။

၄။ ဝန်ထမ်းများအပေါ် အရေးယူဆောင်ရွက်ထားမှုအား ပြန်လည်သုံးသပ်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည်-

(က) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရ ဌာနဆိုင်ရာ အရေးယူခံရသော ဝန်ထမ်းများသည် ၆ လအတွင်း အယူခံခွင့်ရှိသည်ဖြစ်ရာ ထပ်မံစိစစ်တွေ့ရှိချက်များအပေါ်မူတည်၍ နိုင်ငံတော် တည်ဆောက်ရေးတွင် ဆက်လက်အထောက်အကူဖြစ်စေနိုင်သဖြင့် ချမှတ်ထားသည့် ပြစ်ဒဏ်ကို လျှော့ပေါ့ပြောင်းလဲကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း၊

(ခ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် ရာဇဝတ်မှုမြောက်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) သို့မဟုတ် ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသူများကို အမှုပြန်လည်ရုပ်သိမ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအရသာ လျှော့ပေါ့သည့် ပြစ်ဒဏ်ပြောင်းလဲချမှတ်ကာ နိုင်ငံ့ဝန်ထမ်းတာဝန် ပြန်လည်ထမ်းဆောင်ခွင့်ပြုခြင်း။

၅။ သို့ပါ၍ စိတ်လှုပ်ရှားလွယ်မှုကို အသုံးချခံရခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှ ဖိအားပေးခြိမ်းခြောက် အကျပ်ကိုင်ခံရခြင်း၊ လူ့ဂုဏ်သိက္ခာထိခိုက်စေမည့် Social Punishment ပြုလုပ်ခံရမည်ကိုစိုးရိမ်ခြင်း၊ မမျှော်မှန်းနိုင်သည့် အခြေအနေများကို စိုးရိမ်ပူပန်ခြင်း စသည့်အကြောင်းတစ်ရပ်ရပ်ကြောင့် CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြရသဖြင့် အရေးယူခံခဲ့ရသည့် နိုင်ငံဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းကောင်းအဖြစ် နိုင်ငံတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး စဉ်းစားသုံးသပ် ဆောင်ရွက်နိုင်ရန်အတွက် အသိပေးထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရန်ကုန် မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာအား နိုင်ငံ့ဝန်ထမ်းများ စတင်လျှောက်ထားနိုင်ပြီ

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် မြနန္ဒာလမ်းပေါ်ရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ရည်ရွယ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော မြနန္ဒာနိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာကို ယခုအခါ ဝန်ကြီးဌာနအသီးသီး အမှုထမ်း၊ အရာထမ်းများမှ မိမိဌာနအကြီးအကဲ ထောက်ခံမှုဖြင့် အငှားနေထိုင်ခွင့်ကို စတင်လျှောက်ထားနိုင်ပြီ ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာနဲ့ ပတ်သက်လို့ ပြောရရင် အဓိက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ရမယ်။ ရန်ကုန် သက်ဆိုင်ရာ ဝန်ကြီးဌာနတစ်ခုခုမှာ အလုပ်တာဝန် ထမ်းဆောင်နေသူ အိုးပိုင်အိမ်ပိုင် မရှိသူပေါ့။ အငြိမ်းစားယူထားတဲ့ ဝန်ထမ်းတွေတော့ လျှောက်လို့ မရဘူး။ ခွင့်ပြုတဲ့အခါမှာလည်း ဝန်ကြီးဌာန အသီးသီးရဲ့ လျှောက်ထားမှုအပေါ် မူတည်ပြီး များရင်လည်း များသလို အချိုးကျစနစ်နဲ့ နေခွင့်ပေးမှာပါ။ အချိုးကျစနစ်ပေမယ့် လိုအပ်မှုအပေါ် မူတည်ပြီး အဖွဲ့နဲ့ ဆုံးဖြတ်ပေးမှာ ဖြစ်ပါတယ်။ အရာထမ်းရော အမှုထမ်းတွေပါ လျှောက်လို့ရပြီး အငြိမ်းစား ဝန်ထမ်းတွေတော့ လျှောက်လို့မရပါဘူး။ အမှန်တကယ် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေကို နေထိုင်ခွင့်ပြုပေးမှာ ဖြစ်ပါတယ်" ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးယုခိုင်က ပြောသည်။



ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ မြနန္ဒာနိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို တွေ့ရစဉ်။

ယခုလျှောက်ထားနိုင်မည့် နိုင်ငံ့ဝန်ထမ်း အငှားအိမ်ရာစီမံကိန်းတွင် ရှစ်ခန်းတွဲ ငါးထပ်တိုက် ၁၄ လုံး၏ အခန်းတစ်ခန်းချင်းစီ အကျယ်မှာ ဧရိယာ ၄၃၆ စတုရန်းပေရှိပြီး အခန်းပေါင်း ၄၄၈ ခန်းရှိကာ ယင်းအခန်းများကို အမှုထမ်းများအတွက် ရည်ရွယ်အငှားချထားမည်ဖြစ်သည်။ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် အငှားအိမ်ရာ လျှောက်ထားသူများကို ဧရိယာ ၉၄၀ စတုရန်းပေရှိ အခန်း ၂၈ ခန်းကို ငှားရမ်းမည်ဖြစ်ကာ အရာထမ်းများအနေဖြင့် မူရင်းလစာ၏ ၅ ရာခိုင်နှုန်းကို လစဉ်ပေးသွင်းရမည်ဖြစ်ပြီး အမှုထမ်းများအနေဖြင့် မူရင်းလစာ၏ ၃ ရာခိုင်နှုန်းကို လစဉ်ပေးဆောင်ရမည်ဖြစ်သည်။ အိမ်ရာပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာ မြို့ပြနှင့် ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာအသီးသီးသို့ နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ လျှောက်ထားနိုင်မည့် အကြောင်းစာများ ပေးပို့ထားပြီဖြစ်ရာ လာမည့် မေ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားမည့် ဝန်ထမ်းများအနေဖြင့် တိုက်ရိုက်လျှောက်ထားနိုင်မည်ဖြစ်သည်။ ယင်းအိမ်ရာတွင် အငှားနေထိုင်ခွင့်ရရှိမည့် ဝန်ထမ်းများအား လာမည့် ဇွန်လဆန်းပိုင်းမှစတင်၍ အခန်းအငှားချထားမှု လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းလျက်ရှိသော နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ကာ အိမ်ရာဖွင့်ပွဲအခမ်းအနားကို ပြီးခဲ့သည့် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းက ကျင်းပကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

❖ တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။ နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရှေးရှုပြုလုပ် ဆောင်ရွက်ကြရမှာ။

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေ ၁၅ ရက်(စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေး ဂျာနယ်၌ အသံဩဇာကောင်းသော ကျော်ကြီးသည် မိမိ၏အသံကို အများပြည်သူလူထုအတွက် အကျိုးရှိရှိ အသုံးချနိုင်ခဲ့ပုံအကြောင်းကို တင်ဆက်ထားသည့် "အအော်ကောင်း" မျက်နှာဖုံးကာတွန်း၊ ငှက်ချစ်သူများနှင့် ငှက်များကို လေ့လာလိုသူများ အနေဖြင့် ငှက်မျိုးစိတ်များ စုံလင်စွာရှိသော မိုးယွန်းကြီးအင်းသို့ လေ့လာရေးခရီးသွားသင့်ပုံအကြောင်းကို တင်ဆက်ထားသည့် "မိုးယွန်းကြီးအင်း" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင် ရေးဆွဲထားသည့် ကာတွန်းလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ လူတစ်ယောက် ဉာဏ်ကောင်းခြင်း၊ မကောင်းခြင်းသည် မိမိဦးနှောက်ကို ဘယ်လို အသုံးချသည်ဆိုသော အချက်ပေါ်တွင် မူတည်နေကြောင်း ရေးဖွဲ့ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ ကလေးတို့အနေဖြင့် မိဘအလုပ်ကို ဝိုင်းကူလုပ်ခြင်းမျိုးသာ ရှိသင့်ပြီး ကလေးအလုပ်သမားများအနေဖြင့် မရှိသင့်ကြောင်း တင်ဆက်ထားသည့် "ပန်းတို့ပွင့်စေ လန်းပါစေ"




ဝတ္ထုကဏ္ဍ၊ တန်ဖိုးရှိသော ဆင်သတ္တဝါများ မျိုးသုဉ်းပျောက်ကွယ်မသွားစေရန် ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "အဖိုးတန်ဆင်" သုတဆောင်းပါးကဏ္ဍ အပါအဝင် ဉာဏ်စမ်းကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများ ပါရှိကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းခရိုင်အတွင်း ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်

**ရမည်းသင်း မေ ၁၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရမည်းသင်းမြို့နယ်ဦးစီးမှူးရုံးက မြို့နယ်အတွင်း မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးရေး ပန်းခင်းစီမံချက် ကွင်းဆင်းဆောင်ရွက်ခြင်းကို မေ ၁၂ ရက်က ဆည်ကြီးအုပ်စု မှတ်ချက်အောင် ဓမ္မရိပ်သာကျောင်း၌ ပြုလုပ်သည်။

အဆိုပါ ဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် တိုင်းဒေသကြီး ဦးစီးမှူးဦးယဉ်ထွေး၊ နယ်မြေခံ တပ်နယ်မှူးနှင့် တပ်ရင်းတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ ရမည်းသင်းခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးမှူးတို့က ကြည့်ရှုအားပေးသည်။

အလားတူ ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေခြင်းကိုလည်း တာဝန်ရှိသူများက အားပေးကြည့်ရှုကြသည်။

ရမည်းသင်းမြို့နယ် ဆည်ကြီးအုပ်စုရှိ အသက် ၁၀နှစ်ပြည့်သူ ၃၂ ဦး၊ အသက် ၁၈ နှစ်ပြည့်သူ ၆၀၊ အိမ်ထောင်စု ၇၉ စုနှင့် ပျော်ဘွယ်မြို့နယ် ကျူတောဝကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသည့် ပြည်သူများအား ပန်းခင်းစီမံချက်ဆောင်ရွက်ရာ အသက် ၁၀နှစ်ပြည့်သူ ၁၅၃ဦး၊ အသက်၁၈ နှစ်ပြည့်သူ ၆၄ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားပျောက်၊ ပျက် ၃၃ ဦး၊ ၁၀ နှစ်ပြည့်မှ ၁၈နှစ်ပြည့် လဲလှယ်သူ ၁၀ဦးနှင့် အိမ်ထောင်စု ၂၆ စု ထုတ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - ဝင်းကျော် |
| သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းများ | - ကြည်ဝင်း၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - ခြူးစန္ဒီမွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - တင်စိုး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃ - ၅- ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၃၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၄၀၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၅၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၃၀ | ကျပ် | ၁၀၆၅ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၈၀ | ကျပ် | ၁၁၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၉ .၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၁၅ .၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၉ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၆၂၀ | ၅၅၈၀၅၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၂၀၀၇ | ၇၀၃၃၀၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၃၄၁ | ၂၆၅၉၈၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၁၅၀ | ၄၅၇၅၀၀ |

ညီညီ - စုစည်းသည်

# အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်အုပ်စုများအဖြစ်သတ်မှတ်ကြေညာခြင်း**
**အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၈ ရက်)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG) တို့သည် “Civil Disobedience Movement–CDM” တွင် ပါဝင်သူများကို အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အစဉ်တစိုက် လှုံ့ဆော်အားပေးခဲ့သည့် အဖွဲ့များဖြစ်ပါသည်။ ယင်းတို့၏ လှုံ့ဆော်မှုကြောင့် နိုင်ငံတော်အတွင်းရှိ နေရာများစွာတွင် အကြမ်းဖက်မှုများစွာ ဖြစ်ပေါ်ခဲ့ရပါသည်။ “CRPH” နှင့် “NUG” အဖွဲ့များ၏ ဦးဆောင်သူများက လှုံ့ဆော်အားပေးမှုကြောင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ပျက်ပြားစေရန် ဗုံးခွဲခြင်း၊ မီးရှို့ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဖြစ်ပေါ်လာခဲ့ပါသည်။ ထို့အပြင် “NUG” အဖွဲ့သည် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force–PDF) ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့ပါသည်။ “NUG” နှင့် “PDF”တို့၏ လှုံ့ဆော်အားပေးမှုကြောင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့ဟုအမည်တပ်ကာ လက်နက်ကိုင်အကြမ်းဖက်သည့် လုပ်ဆောင်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ယင်းအဖွဲ့များ၏ “CDM” ပြုလုပ်ရန်လှုံ့ဆော်ခြင်း၊ “CDM” မပြုလုပ်သူများကို ခြိမ်းခြောက်ခြင်း၊ ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမများအား ကျောင်းမတက်ရန် လှုံ့ဆော်ခြင်း၊ ကျောင်းတက်သူများကို ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များကို အားပေးထောက်ခံခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန်အားထုတ်လျက်ရှိခြင်းတို့သည် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ၂၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁၃)ပါ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုကို ဖြစ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကျပ် ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ ပြုလုပ်သည့် အကြမ်းဖက်မှုများတွင် အကျုံးဝင်ကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ မတရားအသင်းအဖြစ် ကြေညာထားသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH)၊ ယင်းကဖွဲ့စည်းထားသော အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government – NUG)၊ ယင်းကဖွဲ့စည်းသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force – PDF)နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာလိုက်သည်။

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

## ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများကို သွားရောက်ကြည့်ရှု

**ဘားအံ မေ ၁၃**

ကရင်ပြည်နယ် အတွင်းရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်နှင့် အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် ဘွဲ့ကြို/ဒီပလိုမာနောက်ဆုံးနှစ်သင်တန်းများ၊ မဟာဘွဲ့(ရေးဖြေ)သင်တန်းများနှင့် ပါရဂူဘွဲ့ကြိုသင်တန်းများကို ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ မေ ၁၁ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံပညာရေးဒီဂရီကောလိပ်သီရိခန်းမ၌ DTEd-၂၃/၁၈ ဒုတိယနှစ် (ဒုတိယနှစ်ဝက်) သင်တန်း တက်ရောက်နေကြသည့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထို့နောက် ဘားအံတက္ကသိုလ် နောက်ဆုံးနှစ် ဝိဇ္ဇာ/သိပ္ပံဘွဲ့ သင်တန်း၊ ဒုတိယ နှစ်ဂုဏ်ထူးတန်း၊ တတိယနှစ် ဂုဏ်ထူးတန်း၊ မဟာ အရည်အချင်းစစ်သင်တန်းများနှင့် မဟာဘွဲ့ ပထမနှစ်သင်တန်းများ သင်ကြား၊ သင်ယူနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ဒုတိယ ပါမောက္ခချုပ်ရုံးခန်း၌ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယ ပါမောက္ခချုပ်ဒေါက်တာစိုးစိုးအေးက ဘားအံတက္ကသိုလ်၏ နေ့အလိုက် ကျောင်းတက်ရောက်မှု အခြေအနေ၊ အဆောင်နေ ကျောင်းသား ကျောင်းသူများ အခြေအနေ၊ ကိုဗစ်-၁၉ ကာကွယ်မှုအခြေအနေ၊ လုံခြုံရေး ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နည်းပညာတက္ကသိုလ်(ဘားအံ) အစည်းအဝေးခန်းမ၌ သင်ကြားရေးဝန်ထမ်းများ၊ စီမံဝန်ထမ်းများနှင့်တွေ့ဆုံရာ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒုတိယ ပါမောက္ခချုပ်ဒေါက်တာအောင်ဇော်လတ်က ဝန်ထမ်းများ ကျောင်းတက်ရောက်မှု အခြေအနေ၊ တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် ပြန်လည်ဖွင့်လှစ်သည့် A.G.T သုံးနှစ်ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ် သင်တန်းများ အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အစိုးရနည်းပညာ အထက်တန်းကျောင်း၌ GTHS နှစ် နှစ်သင်တန်းများ၏ ဒုတိယနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ကြီး ဒေါက်တာ နန်းမိုးမိုးကြည်နှင့် ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားများ ပြောကြားသည်။

ထို့နောက် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)သို့ ရောက်ရှိပြီး ပဉ္စမနှစ် ကွန်ပျူတာသိပ္ပံနှင့် ပဉ္စမနှစ် ကွန်ပျူတာနည်းပညာ သင်တန်းများ သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးပြီး ပါမောက္ခ၊ ကထိက၊ သင်တန်းနည်းပြ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးတွေ့ဆုံ ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






## မွန်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနများသို့ ပစ္စည်းစုံ လူနာတင်ယာဉ်များ လွှဲပြောင်းပေးအပ်

**မော်လမြိုင် မေ ၁၃**

အမျိုးသားကျန်းမာရေးစီမံကိန်း ၂၀၁၇- ၂၀၂၁ အရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ပစ္စည်းစုံ လူနာတင်ယာဉ်တစ်စီးလျှင် ငွေကျပ်သိန်း ၆၉၀ တန်အား မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၁ ရက်က မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက မွန်ပြည်နယ်အတွင်းရှိ ဘီးလင်းမြို့နယ်၊ ပေါင်မြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများထံသို့ ငွေကျပ်သိန်း ၆၉၀ တန် Nissan UR Van 2020 ပစ္စည်းစုံ လူနာတင်ယာဉ် လေးစီးနှင့် ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ပြီး လူနာတင်ယာဉ်များကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာဝန်ကြီးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဘဝနတ်ထံပျံလွန်တော်မူ



ရန်ကုန်တိုင်းဒေသကြီး သဃ်္န်းကျွန်းမြို့နယ် စစ်ကိုင်းပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာသဒ္ဓမ္မ ဇောတိကဓဇ) မဟာထေရ် မြတ်ကြီးသည် သက်တော် (၈၆)နှစ်၊ သိက္ခာ တော် (၆၆)ဝါအရ ၁၃၈၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၄) ရက်၊ (၁၀-၅-၂၀၂၁)၊ တနင်္လာနေ့၊ ည(၉:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ် ကလာပ်တော်ကို ၁၃၈၃ ခုနှစ်၊ ကဆုန် လဆန်း (၈)ရက်၊ (၁၈-၅-၂၀၂၁) အင်္ဂါနေ့ (၁၂:၀၀)နာရီအချိန်တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိပါသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်/ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံ

**လားရှိုး မေ ၁၃**

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၉ ရက်က လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်နယ်/ခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့များနှင့် တွေ့ဆုံသည်။



ဆက်လက်၍ ရှမ်းပြည်နယ်မြောက်ပိုင်း ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်) ဥက္ကဋ္ဌ ဦးအောင်ချိုဦး၊ ပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မကြာမီကာလတွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပတော့မည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမြန်လုပ်ပေးရန် မှာကြားသဖြင့် ယင်းနေ့တွင် သီရိလင်္ကာမန်ဆူရှမ်း ဘုန်းတော်ကြီးကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၀၀၀ ကျော်ကို ပေးအပ်ကြောင်း၊ အထူးဒေသတွင်လည်း ဆောင်ရွက်ပေးရန် မှာကြားထားပြီး ဖြစ်ကြောင်း၊ အဓိကမှာ ပညာရေး၊ ကျန်းမာရေးဖြစ်ပြီး ကျန်းမာရေးကဏ္ဍသည် ဆေးရုံများ ဖွင့်လှစ်ခြင်း မရှိသောကြောင့် ကလေးမွေးဖွားမည့် မိခင်များသည် တပ်မတော်ဆေးရုံကိုသာ အားထားနေရကြောင်း၊ ဒါကြောင့် မိမိတို့အဖွဲ့သည် လားရှိုးပြည်သူ့ ဆေးရုံသို့ သွားရောက်ကာ ဆရာဝန်၊ ဆရာမများကို ထောက်ပံ့ပေးအပ်ကြောင်း၊ ပြင်ပရှိ ကျောက်သန့်စင်ဆေးရုံကိုလည်း ငွေလှူဒါန်းပေးကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကထားဆောင်ရွက်ရန်နှင့် အဓိကကျသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ မှာကြားချက်အရ ကျေးလက်နှင့် မြို့ပြကွာဟမှု အတတ်နိုင်ဆုံး နည်းရန်နှင့် လျှပ်စစ်ကဏ္ဍကို ဦးစားပေး ဆောင်ရွက်နေကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ချက်များကို အမြန်ဆုံး တင်ပြပေးရန်နှင့် မိမိတို့အနေဖြင့် အစည်းအဝေးပြုလုပ်ကာ အမြန်ဆုံးဆောင်ရွက်ပေးကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားကဏ္ဍများသည်လည်း ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းရသည့်အတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှမ်းပြည်နယ်မြောက်ပိုင်း စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ခွဲအတွက် အလှူငွေကျပ်၁၀ သိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့အတွက် ငွေကျပ် ၁၀ သိန်း၊ လားရှိုးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်ကို တစ်မြို့နယ်လျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ်သိန်း ၅၀ ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပေးအပ်ရာ ရှမ်းမြောက် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးနှင့် ခရိုင်၊ မြို့နယ်တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

## ပဲခူးတိုင်းဒေသကြီး၌ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေသည့် ကျေးလက်လမ်းများနှင့်ပတ်သက်၍ ရှင်းလင်း

**ပဲခူး မေ ၁၃**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မေ ၁၁ ရက်က တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကျေးလက်လမ်းများကို လာရောက်ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပသည်။



ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက် လမ်း/တံတားများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်လမ်း/တံတားများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့ခိုင်မြဲမှသာ ကျေးလက်ထုတ်ကုန်များ ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးရောက်ရှိနိုင်မည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်လူက ပဲခူးတိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးလက်လမ်း/တံတား၊ ဆောင်ရွက်ဆဲ ကျေးလက် လမ်း/တံတားများနှင့် ထပ်မံဆောင်ရွက်ရန်ကျန်ရှိသည့် ကျေးလက်လမ်း/တံတားများ၏ အခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကျန်ရှိသည့် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး အဆင့်အလိုက် သတ်မှတ်ကာ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## နိုင်ငံတော်ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ စစ်ကိုင်းစာသင်တိုက် ဦးစီးပဓာန နာယက၊ ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ သာဒွန်းကျေးရွာ၊ ခမည်းတော် ဦးပေါ်ရှန်၊ မယ်တော် ဒေါ်ငွေအေးတို့မှ ၁၂၉၇-ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁)ရက် စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၁ ခုနှစ်၊ နယုန်လဆန်း (၁၀) ရက်နေ့တွင် စစ်ကိုင်းမြို့၊ ဘော်ဂါရပ်၊ ဘော်ဂါကျောင်း ဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၆ ခုနှစ်တွင် စစ်ကိုင်းမြို့၊ သောတာပန်ရပ်ကွက်၊ တောလေးထပ်ကျောင်း တိုက် ခဏ္ဍသိမ်၌ ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိ တော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်သည် စစ်ကိုင်းမြို့၊ ဘော်ဂါကျောင်းဆရာတော်၊ ရွှေဘုံ သာကျောင်းဆရာတော်၊ တောလေးထပ်ဆရာတော် ဘဒ္ဒန္တဥတ္တမ၊ ဇေယျသိမ်ပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ ပဋ္ဌာန်းဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ၊ ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ ရွှေရေးဆောင်တိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ၊ မဟာစည်ဆရာတော် ဘဒ္ဒန္တသောဘနတို့ထံတွင် ပရိယတ္တိစာပေများကို သင်ယူလေ့လာခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့ကို အောင်မြင်ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ် သံဃနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယ ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ၊ ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနဝုဓိကရဂုဏ်၊ ဗုဒ္ဓသာသနဟိတရေဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၂၀၁၃-ခုနှစ်တွင် နိုင်ငံတော်အစိုးရက "အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟာဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ရတ္တညူမဟာ နာယကဂုဏ် ပိဋ္ဋ ကတ္တာယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာ ကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ၂၀၁၉-ခုနှစ်တွင် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော်မြတ်ကိုလည်းကောင်း ဆက်ကပ်ရရှိတော်မူခဲ့ပါ သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၆) ဝါအရ ၁၃၈၃-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၄)ရက်၊ (၁၀-၅-၂၀၂၁)၊ တနင်္လာနေ့၊ ည (၉:၃၀)နာရီအချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၈၃- ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်၊ (၁၈-၅-၂၀၂၁) အင်္ဂါနေ့ (၁၂:၀၀)နာရီအချိန်တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

သတင်းစဉ်

# အဆင်ပြေသွားမှာပါ

မောင်ရှိန်(ဘောဂဗေဒ)

**○ ဘဏ်ဆိုတာ အဓိကအားဖြင့် အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဘဏ်ရဲ့ဝန်ဆောင်မှု အမျိုးမျိုးရှိသော်လည်း ဒါကအဓိက လုပ်ဆောင်ချက်ပဲ ဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ အပ်နှံငွေအပေါ်အမှီပြုပြီး လုပ်ကိုင်ဆောင်ရွက်နေရတဲ့ အဖွဲ့အစည်းဖြစ်လို့ ပြည်သူတို့ရဲ့ အပ်နှံငွေဟာ အထူးအရေးပါလှပါတယ်။ ပြည်သူများအနေနဲ့ ဘဏ်များထံ ငွေများအပ်နှံကြရာမှာ ရည်ရွယ်ချက်အမျိုးမျိုး ရှိကြပါတယ်။ အတိုးရရှိရန်၊ မီတာခ၊ တယ်လီဖုန်းဘီလ်စတဲ့ အခွန်အခများ ပေးချေရန်၊ ဈေးဝယ်ရာမှာ အဆင်ပြေစေရန်၊ အရောင်းအဝယ်၊ ငွေပေးငွေယူကိစ္စများအတွက် ငွေပေးချေရာမှာ လွယ်ကူလျင်မြန် လုံခြုံမှုရှိစေရန်စတဲ့ ရည်ရွယ်ချက်အသီးသီး ရှိကြပါတယ်**

တပ်မတော်အနေနဲ့ မလွှဲမရှောင်သာတဲ့အခြေအနေများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်ကို (၁-၂-၂၀၂၁) ရက်နေ့တွင် လွှဲပြောင်းရယူ ထိန်းသိမ်းခဲ့ရပြီးနောက်ပိုင်း ဘဏ်များအပေါ် ပြည်သူလူထု ယုံကြည်မှုပျက်ပြားစေရန် ရည်ရွယ်ချက်နဲ့ မသမာသူအချို့ရဲ့ ထုတ်လွှင့်မှုကြောင့် ဘဏ်များနဲ့ ပတ်သက်လို့ ကောလာဟလသတင်းများ ပြင်ပတွင် ထွက်ပေါ်ခဲ့ပါတယ်။ "ကျပ် ၅၀၀၀/-တန်၊ ကျပ် ၁၀၀၀၀/-တန်များ ရုပ်သိမ်းတော့မည်၊ ဘဏ်များပိတ်သိမ်းတော့မည်၊ ဘဏ်အချို့ကို အရေးယူပိတ်သိမ်းတော့မည်၊ ဘဏ်များ ဒေဝါလီခံတော့မည်" စသည်ဖြင့် သတင်းများထွက်ပေါ်ခဲ့ပါတယ်။ အဆိုပါ ကောလာဟလသတင်းများကြောင့် ပြည်သူအချို့အနေနဲ့ စိုးရိမ်ပူပန်ပြီး ဘဏ်များမှ ငွေကြေးများကို လိုသည်ထက် ပိုမိုထုတ်ယူခြင်း၊ ဘဏ်များသို့အပ်နှံမည့် ငွေကြေးများကို ဆိုင်းငံ့ထားခြင်း၊ ငွေကြေးများကို သိုလှောင်သိမ်းဆည်းထားခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြတဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များအားလုံး စနစ်တကျလုပ်ငန်းများဆောင်ရွက်ရန် အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိပြီး ဘဏ်များအားလုံး သတ်မှတ်ချက်များနဲ့အညီ ခိုင်မာစွာ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ဘဏ်များအပေါ် စိတ်ချယုံကြည်စွာ ဘဏ်ဝန်ဆောင်မှုများကို ပုံမှန်ရယူသုံးစွဲနိုင်ကြပါကြောင်း သတင်းထုတ်ပြန်ထားတာကို တွေ့ရှိရပါတယ်။

### ငွေစက္ကူများအား ဆက်လက်သုံးစွဲနိုင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကလည်း နိုင်ငံတော်မှ တရားဝင်ထုတ်ဝေထားသော ကျပ် ၅၀၀၀/-တန်နှင့် ကျပ် ၁၀၀၀၀/-တန် ငွေစက္ကူများအား တရားမဝင်သတ်မှတ်ပြီးပြန်လည်သိမ်းဆည်းမည်ဆိုသည့် ထွက်ပေါ်နေသော သတင်းသည် အခြေအမြစ်မရှိသော သတင်းသာဖြစ်ကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(င) တွင် **"နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု"**ဟု ပြဋ္ဌာန်းထားသည့်အတွက် ပြည်သူလူထုအနေဖြင့် ပြင်ပ၌ ဖြစ်ပေါ်နေသော ကောလာဟလသတင်းများအား ယုံကြည်မှုမရှိဘဲ ကျပ် ၅၀၀၀/-တန်နှင့် ကျပ် ၁၀၀၀၀/-တန် ငွေစက္ကူများအား စိတ်ချယုံကြည်စွာ ဆက်လက်သုံးစွဲနိုင်ပါကြောင်း ထပ်မံအသိပေး ကြေညာခဲ့ပါတယ်။

လက်ရှိအခြေအနေမှာ ပြည်သူများအနေနဲ့ လက်ဝယ်ရှိ ငွေသားများလုံခြုံမှုအတွက် ဘဏ်များတွင်အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ခုနှစ်၊ မေလ (၃)ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတင်းထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များက ဗဟိုဘဏ်မှာ မြန်မာကျပ်ငွေဖြင့် ထားရှိရမည့် အနည်းဆုံး သီးသန့်ငွေလိုအပ်ချက်ကို အပ်ငွေစုစုပေါင်း၏ ၃ ဒသမ ၅ ရာခိုင်နှုန်းထားရှိရန် ယခင်က သတ်မှတ်ခဲ့ရာမှ ငွေကြေးလွယ်ကူမှုကို အထောက်အကူဖြစ်စေရန်အတွက် ၃ ရာခိုင်နှုန်းသို့ ပြင်ဆင်သတ်မှတ်ပေးခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

### အဆင်မပြေမှုဖြစ်ပေါ်

လက်ရှိအခြေအနေမှာ ပြည်သူများအနေနဲ့ မိမိတို့ထုတ်ချင်သလောက် ငွေကြေးကို ထုတ်ရန် အခက်အခဲများ ဖြစ်ပေါ်နေတာ၊ ဘဏ်များနဲ့ Customer များအကြား အဆင်မပြေမှုလေးတွေ ဖြစ်ပေါ်နေတာကို မြင်တွေ့နေရပါတယ်။ ဒါနဲ့ပတ်သက်လို့ ဘဏ်လုပ်ငန်း သဘောသဘာဝကို သိရှိခြင်းဖြင့် ဘဏ်တွေအပေါ် ပိုမိုနားလည်မှုပေးနိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

ဘဏ်ဆိုတာ အဓိကအားဖြင့် အပ်ငွေလက်ခံခြင်းနှင့် ချေးငွေထုတ်ချေးခြင်းကို ဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဘဏ်ရဲ့ ဝန်ဆောင်မှု အမျိုးမျိုးရှိသော်လည်း ဒါက အဓိကလုပ်ဆောင်ချက်ပဲဖြစ်ပါတယ်။ ပြည်သူတို့ရဲ့ အပ်နှံငွေအပေါ် အမှီပြုပြီး လုပ်ကိုင်ဆောင်ရွက်နေရတဲ့ အဖွဲ့အစည်း ဖြစ်လို့ ပြည်သူတို့ရဲ့အပ်နှံငွေဟာ အထူးအရေးပါလှပါတယ်။ ပြည်သူများအနေနဲ့ ဘဏ်များထံ ငွေများအပ်နှံကြရာမှာ ရည်ရွယ်ချက်အမျိုးမျိုး ရှိကြပါတယ်။ အတိုးရရှိရန်၊ မီတာခ၊ တယ်လီဖုန်း ဘီလ် စတဲ့အခွန်အခများပေးချေရန်၊ ဈေးဝယ်ရာမှာ အဆင်ပြေစေရန်၊ အရောင်းအဝယ်၊ ငွေပေးငွေယူကိစ္စများအတွက် ငွေပေးချေရာမှာ လွယ်ကူလျင်မြန် လုံခြုံမှုရှိစေရန် စတဲ့ရည်ရွယ်ချက်အသီးသီး ရှိကြပါတယ်။

### ထုတ်ပေးငွေများလျှော့ချ

ဘဏ်များအနေနဲ့ ပြည်သူတို့ရဲ့ အပ်နှံငွေအမျိုးအစားပေါ်ကြည့်ပြီး နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်ချေးငွေများ ထုတ်ချေးကြရပါတယ်။ အဲဒီလိုချေးငွေများ ထုတ်ချေးရာမှာ ချေးငွေနှင့် အပ်ငွေအချိုးကို ၈၀ ရာခိုင်နှုန်းထက်ပိုပြီး ထုတ်ချေးမှုမရှိစေရေးအတွက် ဗဟိုဘဏ်မှ ဘဏ်များသို့ ညွှန်ကြားထားပါတယ်။ ဆိုလိုရင်းကတော့ ပြည်သူတို့ရဲ့အပ်ငွေ ၁၀၀ ကျပ်ရှိရင် ၈၀ ကျပ်ထက် ပိုမချေးဖို့ပါ။ ကျန် ၂၀ကျပ်ကို Customer များက အသုံးလိုတဲ့အခါ ထုတ်ပေးနိုင်အောင် အရန်သင့်ထားရှိကြရပါတယ်။ ဒါက ယေဘုယျသဘောပါ။ ဒီလိုအခြေအနေမျိုးမှာ Customer များအနေနဲ့ မိမိတို့အပ်ငွေ အကုန်လုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း စုပြုံထုတ်ရင် ဘယ်နိုင်ငံ၊ ဘယ်ဘဏ်မှ အချိန်တိုအတောအတွင်း ပြန်လည်ထုတ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ၂၀၀၃ ခုနှစ်တုန်းကလည်း အလားတူဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ဖူးပါတယ်။ ပြည်သူများအနေနဲ့ အတိုးပိုမိုရရှိတဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းများ (General Services Enterprises) မှာ ငွေများအပ်နှံရာမှ ၂၀၀၃ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ယင်းအကျိုးဆောင် လုပ်ငန်းများဟာ အရင်း၊ အတိုးပြန်လည်ထုတ်ပေးဖို့ ခက်ခဲပြီး ငွေရေးကြေးရေးအခက်အခဲ ကြုံတွေ့လာတဲ့အခါ လုပ်ငန်းများ ပိတ်ခြင်း၊ အရင်း၊ အတိုးပေးချေမှုများအား ရက်ရွှေ့ဆိုင်းခြင်း၊ အတိုးနှုန်းများ လျှော့ချခြင်း၊ ထုတ်ပေးငွေများလျှော့ချခြင်းများ ပြုလုပ်လာခဲ့ကြပါတယ်။

ပြည်သူများအနေဖြင့် ဘဏ်များနဲ့ အထွေထွေအကျိုးဆောင်လုပ်ငန်းများ သဘောသဘာဝ မတူညီတာကို နားလည်သဘောပေါက်ခြင်းမရှိဘဲ ဘဏ်ကဲ့သို့ပင်ယူဆပြီး ယင်းသို့သော ဖြစ်ရပ်မျိုး ဘဏ်များတွင်လည်းဖြစ်နိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်လာကာ၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလဆန်းမှစတင်၍ ပုဂ္ဂလိကဘဏ်များတွင် ငွေအပ်နှံထားသူ အများအပြားဟာ မိမိတို့ရဲ့ အပ်နှံငွေများကို ပြန်လည်ထုတ်ယူလာခဲ့ကြတဲ့အတွက် ငွေကြေးပြတ်လပ်မှု(Liquidity Shortage) ဖြစ်ပေါ်လာခဲ့ပါတယ်။

ယင်းကဲ့သို့ ငွေကြေးပြတ်လပ်မှုဟာ မြန်မာနိုင်ငံရှိ ငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံးမှာ ဖြစ်ပေါ်ခဲ့ခြင်းမျိုး မဟုတ်ပါဘူး။ နိုင်ငံပိုင်ဘဏ်တွေမှာ ငွေကြေးပြတ်လပ်မှုဖြစ်ပေါ်ခဲ့ခြင်းမရှိဘဲ ပုဂ္ဂလိကဘဏ်များအနက် ဘဏ်ကြီးခြောက်ဘဏ်ဖြစ်တဲ့ အာရှဝနေဘဏ်၊ ရိုးမဘဏ်၊ မြန်မာမေဖလားဝါးဘဏ်၊ မြန်မာယူနီဗာဆယ်ဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်နဲ့ ကမ္ဘောဇဘဏ်တို့တွင်သာ အထူးသဖြင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါ ပုဂ္ဂလိကဘဏ်ကြီး ခြောက်ဘဏ်မှာ အပ်ငွေပမာဏများပြားစွာရှိပြီး ငွေအများအပြား ပြန်လည်ထုတ်ယူမှုများကြောင့် ငွေကြေးပြတ်လပ်မှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ကျန်ပုဂ္ဂလိကဘဏ် ၁၄ ဘဏ်တို့တွင် ငွေကြေးပြတ်လပ်မှုကို အထိုက်အလျောက် ကြုံတွေ့ခဲ့ရပေမယ့် ငွေအပ်နှံသူများရဲ့ယုံကြည်မှုကိုထိန်းသိမ်းနိုင်ခဲ့တဲ့အတွက် ဖြစ်ပေါ်လာသော အခြေအနေကို အချိန်တိုအတွင်း ကျော်လွှားနိုင်ခဲ့ပါတယ်။

အဲဒီတုန်းက ဘဏ်များ အခြေအနေပြန်လည်ကောင်းမွန်လာစေဖို့နဲ့ ဖြစ်ပေါ်လာတဲ့ အခြေအနေကို အနီးကပ်ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်နိုင်ဖို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးကနာယက၊ ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက အတွင်းရေးမှူးအဖြစ် ပါဝင်သောဘဏ်များ ကြီးကြပ်ရေးကော်မတီ (Banks Supervision Committee) ကို ၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှာ ဖွဲ့စည်းခဲ့ပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကဘဏ်တစ်ခုချင်းရဲ့ စာရင်းများကို စိစစ် နိုင်ဖို့အတွက် ဘဏ်လုပ်ငန်းစိစစ်ရေးအဖွဲ့(၁၀) ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးပြီး ဘဏ်လုပ်ငန်းများကို နေ့စဉ်ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။

### ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိ

ပုဂ္ဂလိကဘဏ်များ တွေ့ကြုံနေရတဲ့ ငွေကြေးပြတ်လပ်မှုကို ကူညီပံ့ပိုးပေးတဲ့အနေနဲ့ နိုင်ငံတကာဗဟိုဘဏ်များက ကျင့်သုံးတဲ့နည်းလမ်းအတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဗဟိုဘဏ်များ၏လုပ်ငန်းတာဝန်တစ်ခုဖြစ်တဲ့ နောက်ဆုံးအားထားရာ အရင်းအမြစ် (Lender of Last Resort)အဖြစ် အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ဗဟိုဘဏ်နှင့် မြန်မာ့စီးပွားရေးဘဏ်မှ လုံလောက်သောအာမခံယူ၍ ငွေများထုတ်ချေးခဲ့ပါတယ်။ အစိုးရငွေတိုက်စာချုပ်ကို အာမခံပြု၍ ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များသို့ ကျပ် ၅၉ ဒသမ ၉၀ ဘီလီယံထုတ်ချေးခဲ့ပါတယ်။ အဆိုပါ ချေးငွေနဲ့မလုံလောက်လို့ လုံလောက်တဲ့ အာမခံယူ၍ Credit Line ကျပ် ၅၀ ဒသမ ၆၈ ဘီလီယံ ထပ်မံထုတ်ချေးခဲ့ပါတယ်။ သို့ဖြစ်၍ ပုဂ္ဂလိကဘဏ်များသို့ ချေးငွေစုစုပေါင်း ကျပ် ၁၁၀ ဒသမ ၅၈ ဘီလီယံ ထုတ်ချေးခဲ့ပါတယ်။ ကော်မတီအနေနဲ့ ဘဏ်ကြီး ခြောက်ဘဏ်ကို ချေးငွေစီမံချက်ချမှတ်ပြီး ပြန်လည်ကောက်ခံစေခဲ့ပါတယ်။ ဒါကြောင့် ပုဂ္ဂလိကဘဏ်ကြီး ခြောက်ဘဏ်ရဲ့ (၂၈-၂-၂၀၀၃) ရက်နေ့ရှိ စုစုပေါင်းချေးငွေလက်ကျန် ကျပ် ၃၈၅ ဒသမ ၉၀ ဘီလီယံအနက် (၂၉-၂-၂၀၀၄)ရက်နေ့တွင် ကျပ် ၉၅ ဒသမ ၃၅ ဘီလီယံသာ ကျန်ရှိတော့သဖြင့် စုစုပေါင်းချေးငွေ ၂၉၀ ဒသမ ၅၅ ဘီလီယံ၊ ရာခိုင်နှုန်းအားဖြင့် ၇၅ ဒသမ ၂၉ ရာခိုင်နှုန်းအား ပြန်လည်ကောက်ခံနိုင်ခဲ့ပါတယ်။ အဆိုပါ ဆောင်ရွက်မှုများကြောင့် ဘဏ်လုပ်ငန်းစနစ်အပေါ် ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိလာပြီး ပုဂ္ဂလိကဘဏ်များရဲ့ အခြေအနေမှာ ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလကုန်မှစ၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိခဲ့ပါတယ်။

၂၀၀၃ ခုနှစ်တွင် ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းပုဂ္ဂလိကဘဏ်များရဲ့ ငွေကြေးအကျပ်အတည်းပြဿနာကို အတော်အချိန်ယူ ဖြေရှင်းဆောင်ရွက်ခဲ့ရပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေဟာ ကောလာဟလတွေ ရောပြွမ်းနေတာကြောင့် ငွေအပ်နှံသူအများစုဟာ ပုဂ္ဂလိကဘဏ်များအပေါ် ယုံကြည်မှုများစွာ ကျဆင်းခဲ့ပါတယ်။ လွန်ခဲ့တဲ့ အတိတ်ကာလက ငွေစက္ကူများကို တရားဝင်သုံးစွဲနေရာကနေ တရားမဝင် ငွေစက္ကူများအဖြစ် ကြေညာခဲ့ဖူးတာကြောင့် ပြည်သူများအကြား စိုးရိမ်

စာမျက်နှာ ၂၃ သို့

# နောက်ပိုင်းမှာ ATM စက်များကို သုံးစွဲလာမှုကြောင့် ငွေသားကိုင်တွယ်အသုံးပြုရတဲ့စနစ် (Cash Based System)ကနေ ကတ်အခြေခံစနစ် (Card-based System)၊ ထိုမှတစ်ဆင့် ကတ်အသုံးပြုစရာမလိုတဲ့စနစ် (Card less System) စသဖြင့် အဆင့်ဆင့်ပြောင်းလဲခဲ့သလို ငွေကြေးလွှဲပြောင်းမှုအပေးအယူများ (Payment Transaction) ကိစ္စရပ်တွေကိုလည်း ခေတ်မီအောင် ဆောင်ရွက်နိုင်ခဲ့လို့ အချိန်တိုအတောအတွင်း ငွေကြေးကိစ္စရပ်များကို လုံခြုံလွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ နောက်ပိုင်း Cash Less System ကို ပိုမိုကျင့်သုံးလာနိုင်တာနဲ့အမျှ ငွေသားကိုင်တွယ်သုံးစွဲမှုများကို လျှော့ချနိုင်မှာဖြစ်ပါတယ်

*စာမျက်နှာ ၂၂ မှ*

ကြောင့်ကြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ တရားမဝင်ငွေစက္ကူများ ကြေညာခြင်းကို လုံးဝလုပ်ဆောင်မှာမဟုတ်ကြောင်း အတိအလင်းကြေညာပြီး ငွေကြေးကဏ္ဍမှာ ယုံကြည်မှုပြန်လည်ရရှိအောင် တည်ဆောက်မှု (Trust Building) ပြုလုပ်ခဲ့ရပါတယ်။ ဤကဲ့သို့ နိုင်ငံတော်အစိုးရက အာမခံဆောင်ရွက်ခဲ့တာပင်လျှင် နှစ်နှစ် သုံးနှစ်ကြာမှ ပုဂ္ဂလိကဘဏ်များမှာ ငွေကြေးစီးဆင်းမှု ပြန်လည်တည်ငြိမ်ပြီး ပုံမှန်လည်ပတ်နိုင်တဲ့အခြေအနေကို ပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။

### အစိုးရနဲ့ ဗဟိုဘဏ်ကလည်း မဖြစ်မနေ တာဝန်ယူကြရ

ဒီကြားထဲ ၂၀၀၅ ခုနှစ်မှာ အာရှဓနဘဏ်နဲ့ မြန်မာမေဖလားဝါးဘဏ်တို့ကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများဥပဒေ (၁၉၉၀) ပြည့်နှစ်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် ဘဏ်လုပ်ငန်းစည်းကမ်းဖောက်ဖျက်လို့ ဘဏ်လုပ်ငန်း လိုင်စင်ရုပ်သိမ်းတော့လည်း ပြည်သူလူထုရဲ့ အပ်နှံငွေတွေ မဆုံးရှုံးရအောင် စာရင်းရှင်းလင်း ဖျက်သိမ်းသူ (Liquidator) ခန့်ပြီး စီမံခန့်ခွဲဆောင်ရွက်ခဲ့လို့ ပြည်သူတွေရဲ့ အပ်နှံငွေတွေကို ပြန်လည်ထုတ်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာယူနီဗာဆယ်ဘဏ်ကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ (၁၉၉၀) ပြည့်နှစ်ပါ ပြဋ္ဌာန်းချက်များအား လိုက်နာရန် ပျက်ကွက်ခြင်းကြောင့်လည်းကောင်း၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့်ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေအရ လည်းကောင်း အရေးယူစာရင်း ရှင်းလင်းဖျက်သိမ်းတော့လည်း ယခင်ကအတိုင်း စာရင်းရှင်းလင်းဖျက်သိမ်းသူ ခန့်အပ်ပြီး ပြည်သူလူထုရဲ့ အပ်နှံငွေတွေ မဆုံးရှုံးရအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ တင်ပြလိုတာက ဘဏ်တွေမှာ အပ်နှံထားတဲ့ ပြည်သူလူထုရဲ့ အပ်နှံငွေတွေ မဆုံးရှုံးရအောင်ဆောင်ရွက်ဖို့ဆိုတာ တက်လာတဲ့ အစိုးရတိုင်းနဲ့ ဗဟိုဘဏ်မှာ တာဝန်ရှိပါတယ်။ အစိုးရနဲ့ ဗဟိုဘဏ်ကလည်း မဖြစ်မနေ တာဝန်ယူကြရပါတယ်။

ယခုအခြေအနေနဲ့ ၂၀၀၃ ခုနှစ် အခြေအနေ မတူတာတွေတော့ ရှိပါတယ်။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၀ သာရှိပေမယ့် ယခုအချိန်မှာ နိုင်ငံပိုင်ဘဏ် လေးဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၆ ဘဏ်၊ နိုင်ငံခြားဘဏ် ၂၀နဲ့ ငွေရေးကြေးရေးကုမ္ပဏီ ၂၇ခု ရှိပါတယ်။ ၂၀၀၃ ခုနှစ်မတိုင်မီက ကာလတိုချေးငွေကိုသာ ထုတ်ချေးခဲ့ပေမယ့် ယခုအခါမှာ ကာလတိုချေးငွေသာမက ကာလလတ်နဲ့ ကာလရှည် ချေးငွေများကိုလည်း ထုတ်ချေးထားတာ တွေ့ရပါတယ်။ ၂၀၀၃ ခုနှစ်မှာ နိုင်ငံရဲ့ စီးပွားရေးအခြေအနေဟာ ကောင်းနေတဲ့အတွက် ချေးငွေများပြန်လည်ကောက်ခံရာမှာ သိပ်အခက်အခဲမရှိသော်လည်း ယခုအခြေအနေမှာ COVID –19 ရောဂါကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားမှာ စီးပွားရေး တုံ့ဆိုင်း၊ ကျဆင်းနေတဲ့အချိန်ဖြစ်လို့ ချေးငွေတွေကို ကောက်ခံရာမှာ အကန့်အသတ်တွေ ရှိနေပါတယ်။ ၂၀၀၃ ခုနှစ်လောက်မှာ ခေတ်မီဘဏ်လုပ်ငန်းစနစ်ဖြစ်တဲ့ Core Banking System ကို အခြေခံပြီး Internet Banking ၊ Mobile Banking နှင့် Automatic Teller Machine(ATM) များကို သုံးစွဲမှု မရှိသေးသော်လည်း ယခုအခြေအနေမှာတော့ အဆိုပါစနစ်ကို ဘဏ်အတော်များများမှာ တွင်တွင်ကျယ်ကျယ်သုံးစွဲနေပြီ ဖြစ်ပါတယ်။ ဘာပဲပြောပြော ဘဏ်တွေ ပုံမှန်အခြေအနေပြန်ရောက်အောင် အချိန်ယူဆောင်ရွက်သွားရမယ့်အနေအထားဖြစ်ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်မှာ နိုင်ငံ့ဝန်ထမ်းများရဲ့ စားဝတ်နေရေးသက်သာချောင်လည်မှုရရှိစေဖို့အတွက် ဝန်ထမ်းလစာနှုန်းများကို ၁–၄–၂၀၀၆ ရက်နေ့မှ စတင်၍ ပြင်ဆင်သတ်မှတ်ပေးခဲ့ပါတယ်။ အနိမ့်ဆုံးလစာရဲ့ ၅ ဆ၊ အမြင့်ဆုံးလစာရဲ့ ၁၂ ဆ တိုးမြှင့်ပေးခဲ့တဲ့အတွက် တိုင်းပြည်အတွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေကြေးပမာဏ တိုးလာခဲ့ပါတယ်။ အဲဒီအချိန်မှာ ငွေစက္ကူတန်ဖိုးအမြင့်ဆုံးက တစ်ထောင်ကျပ်တန်ပဲရှိတာကြောင့် လှည့်လည်သုံးစွဲငွေပမာဏပြည့်မီအောင် တစ်ထောင်ကျပ်တန်တွေကိုသာ အများဆုံးထုတ်နေရတဲ့အတွက် ငွေအကြွေရှားပါးတဲ့ ပြဿနာက နောက်ဆက်တွဲ ဖြစ်ပေါ်လာခဲ့ပါတယ်။ ထို့ကြောင့်ဘဏ်တွေကို ငွေစက္ကူအစား Payment Card တွေ အသုံးပြုကြဖို့ ညှိနှိုင်းဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး နောက်ပိုင်း ဘဏ်လုပ်ငန်းမှာ Credit Card နဲ့ Debit Card များကို အသုံးပြု၍ ငွေကြေးအစားထိုး ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံဘဏ်များအသင်း (Myanmar Bank Association – MBA)ရဲ့ ဦးဆောင်မှုနဲ့ (Myanmar Payment Union–MPU) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ခဲ့ပါတယ်။

### ငွေသားကိုင်တွယ်သုံးစွဲမှုများကို လျှော့ချနိုင်မှာဖြစ်

နောက်ပိုင်းမှာ ATM စက်များကို သုံးစွဲလာမှုကြောင့် ငွေသားကိုင်တွယ်အသုံးပြုရတဲ့စနစ် (Cash Based System)ကနေ ကတ်အခြေခံစနစ် (Card–based System)၊ ထိုမှတစ်ဆင့် ကတ်အသုံးပြုစရာမလိုတဲ့စနစ် (Card less System) စသဖြင့် အဆင့်ဆင့်ပြောင်းလဲခဲ့သလို ငွေကြေးလွှဲပြောင်းမှု အပေးအယူများ (Payment Transaction) ကိစ္စရပ်တွေကိုလည်း ခေတ်မီအောင် ဆောင်ရွက်နိုင်ခဲ့လို့ အချိန်တိုအတောအတွင်း ငွေကြေးကိစ္စရပ်များကို လုံခြုံလွယ်ကူလျင်မြန်စွာ ဆောင်ရွက်လာနိုင်ခဲ့ပါတယ်။ နောက်ပိုင်း Cash Less System ကို ပိုမိုကျင့်သုံးလာနိုင်တာနဲ့အမျှ ငွေသားကိုင်တွယ်သုံးစွဲမှုများကို လျှော့ချနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ငွေသားကိုင်တွယ်သုံးစွဲမှုအခြေအနေကို မတင်ပြမီ ပြည်သူများအသုံးပြုနေတဲ့ ငွေကြေးနှင့် ပတ်သက်၍ ငွေကြေးပမာဏ(Money Supply) အကြောင်းကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ငွေကြေးပမာဏဆိုတာ ငွေကြေးရဲ့ လုပ်ဆောင်ချက်တွေကို ဆောင်ရွက်ပေးနိုင်တဲ့ အရာအားလုံးရဲ့ စုစုပေါင်းအရေအတွက်ကို ခေါ်ပါတယ်။ ခေတ်သစ် စီးပွားရေးစနစ်မှာ ငွေကြေးပမာဏမှာ ယေဘုယျအားဖြင့် လှည့်လည်သုံးစွဲနေသော ငွေကြေး (ငွေစက္ကူနှင့် အကြွေများ) (Currency in Circulation)၊ ဘဏ်အပ်ငွေများ(Bank deposits)၊ ငွေစုလက်မှတ်များ (Saving Certificates)နဲ့အစိုးရငွေတိုက်စာချုပ်များ (Government Treasury Bonds)များ ပါဝင်ပါတယ်။ ငွေကြေးပမာဏကို နည်းသုံးနည်းနဲ့ တိုင်းတာနိုင်ပြီး အများအားဖြင့် ဒုတိယနည်းလမ်း(M2) ကို အသုံးပြုကြပါတယ်။ ဒုတိယနည်းလမ်းနဲ့ ငွေကြေးပမာဏကို တိုင်းတာရာမှာ ငွေကြေးပမာဏမှာ လှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူနဲ့အကြွေများ၊ စာရင်းရှင်အပ်ငွေနဲ့ အချိန်းဆိုင်းအပ်ငွေများ ပါဝင်ကြပါတယ်။

မြန်မာနိုင်ငံနဲ့ နိုင်ငံအချို့ရဲ့ ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ကာလအတွင်း အပ်ငွေလက်ခံသောအဖွဲ့အစည်းများ (ဗဟိုဘဏ်အပါအဝင် ဘဏ်များ)၏ ပြင်ပရှိ လှည့်လည်သုံးစွဲနေသော ငွေကြေး (Currency Outside Depository Corporations) နဲ့ အကျယ်သဘော ငွေကြေးပမာဏ(Broad Money) တို့ရဲ့အချိုးကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါတယ်–

| Sr. No. | Countries | Currency Outside Depository Corporations to Broad Money(M2) ratio | | | | |
|---|---|---|---|---|---|---|
| | | Dec 2016 | Dec 2017 | Dec 2018 | Dec 2019 | Dec 2020 |
| 1 | People Republic of China | 2.45 | 2.43 | 2.37 | 2.36 | 2.59 |
| 2 | Japan | 7.45 | 7.54 | 7.64 | 7.58 | 7.41 |
| 3 | Korea, Republic | 3.61 | 3.83 | 3.85 | 3.93 | 4.25 |
| 4 | Indonesia | 10.15 | 10.82 | 10.86 | 10.67 | 11.02 |
| 5 | Malaysia | 5.32 | 5.49 | 5.21 | 5.39 | 6.04 |
| 6 | Thailand | 6.98 | 7.15 | 7.15 | 7.30 | 7.58 |
| 7 | Philippines | 8.21 | 8.39 | 9.05 | 9.34 | 10.67 |
| 8 | Brunei Darussalam | 7.79 | 7.52 | 7.26 | 6.76 | 7.63 |
| 9 | Laos P.D.R | 8.32 | 8.89 | 8.83 | 8.92 | 8.87 |
| 10 | Myanmar | 24.25 | 21.77 | 21.55 | 20.27 | 21.49 |

Source: Central Bank of Myanmar, IMF's International Financial Statistics (IFS), 2020 Myanmar Statistical Year Book, Central Statistical Organization (CSO)

ဖော်ပြပါဇယားအရ မြန်မာနိုင်ငံနဲ့ နိုင်ငံအချို့တို့ရဲ့ လှည့်လည်သုံးစွဲနေသော ငွေကြေးနဲ့ ငွေကြေးပမာဏတို့ရဲ့ အချိုးကိုလေ့လာကြည့်ရင် မြန်မာနိုင်ငံအနေနဲ့ ငွေကြေးပမာဏရဲ့ ၂၀ ရာခိုင်နှုန်းဝန်းကျင် လှည့်လည်သုံးစွဲလျက်ရှိပြီး အခြားနိုင်ငံများအနေနဲ့ ၁၀ ရာခိုင်နှုန်းအောက်နဲ့ ၁၀ ရာခိုင်နှုန်း ဝန်းကျင်သာ သုံးစွဲကြတာကို တွေ့ရတဲ့အတွက် မြန်မာနိုင်ငံရဲ့ ငွေကြေးကိုင်တွယ်သုံးစွဲမှုအချိုးဟာ အခြားနိုင်ငံများထက် များပြားနေတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ငွေကြေးသုံးစွဲမှု လျှော့ကျအောင် ဆောင်ရွက်ဖို့ ပိုမိုလိုအပ်နေတာကို စိစစ်တွေ့ရှိရပါတယ်။

### ငွေကြေးများကို ချိန်ဆပြီး ထည့်သွင်းဆောင်ရွက်

ဒါ့ကြောင့် ရှေ့ကတင်ပြခဲ့သလို Customer များအနေနဲ့ မိမိအပ်ထားငွေအားလုံးကို ပြန်ထုတ်နေရင် ဘဏ်တွေအတွက် အခက်အခဲ အကျပ်အတည်းဖြစ်စေပါတယ်။ မည်သို့ ဖြစ်ပါစေ ဘဏ်တွေအနေနဲ့ Customer တွေရဲ့လိုအပ်ချက်တွေကို တတ်နိုင်သမျှဖြည့်ဆည်းနိုင်ဖို့ ကိုယ့်ရှိတဲ့ ငွေတွေထဲကလည်းကောင်း၊ လိုအပ်ရင် ဘဏ်အချင်းချင်းငွေချေးငှားခြင်း (Interbank Borrowing) ဖြင့် လည်းကောင်း၊ နောက်ဆုံးအားထားရာ ဗဟိုဘဏ်ရဲ့ ထောက်ပံ့ကူညီမှုကိုရယူခြင်းဖြင့်လည်းကောင်း ရရှိတာလေးကို မျှတပြီး ထုတ်ပေးကြမှာပါ။ ဘဏ်ဝန်ထမ်းတွေအနေနဲ့ Customer တွေအတွက် အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး၊ အဆင်ပြေဆုံး ကူညီဆောင်ရွက်ဝန်ဆောင်မှုပေးကြမှာပါ။ တစ်ဖက်မှာလည်း ဗဟိုဘဏ်အနေနဲ့ ၎င်းရဲ့အဓိကရည်မှန်းချက်ဖြစ်တဲ့ ပြည်တွင်းဈေးနှုန်း တည်ငြိမ်မှုရရှိစေရန်နှင့် ထိန်းသိမ်းရန် တာဝန်ရှိနေတဲ့အတွက် ဈေးကွက်အတွင်း ငွေကြေးများကို ချိန်ဆပြီး ထည့်သွင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

Customer များအနေနဲ့ လိုအပ်လို့ငွေထုတ်တာကို မပြောလိုသော်လည်း မလိုအပ်ဘဲ ငွေတွေကိုမထုတ်ကြဖို့ မေတ္တာရပ်ခံချင်ပါတယ်။ မလိုအပ်ဘဲထုတ်ခြင်းကြောင့် လောလောဆယ် ငွေထုတ်ရတဲ့ဒုက္ခကြောင့် အချိန်ကုန်လူပင်ပန်းဖြစ်ရခြင်း၊ အတိုးနစ်နာခြင်း၊ ငွေကြေးလုံခြုံမှုအတွက် ရန်သူမျိုးငါးပါးရဲ့ဘေးဒဏ်ကို စိုးရိမ်ထိတ်လန့်ရခြင်းစတဲ့ နောက်ဆက်တွဲ ပြဿနာတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရနိုင်ပါတယ်။ ဒါကြောင့် ရှေ့ကတင်ပြခဲ့သလို အစိုးရနဲ့ ဗဟိုဘဏ်အနေနဲ့ ပြည်သူတွေရဲ့အပ်ငွေတွေ မဆုံးရှုံးရအောင် ဆောင်ရွက်ပေးခဲ့တဲ့ ဖြစ်ရပ်တွေ၊ အတွေ့အကြုံတွေ ရှိခဲ့ပြီးဖြစ်လို့ ပြည်သူတွေအနေနဲ့ စိတ်အေးအေးထားပြီး မိမိတို့ လိုအပ်သလောက်ငွေကိုသာ ထုတ်ယူကြခြင်း၊ မိမိတို့ရဲ့ငွေပိုငွေလျှံများကို စာရင်းအသစ်ဖွင့်၍ စုဆောင်းခြင်းဖြင့် ဘဏ်လုပ်ငန်းစနစ်အမြန်တည်ငြိမ်လာစေရေးအတွက် ဝိုင်းဝန်းကူညီကြပါရန် တိုက်တွန်းနှိုးဆော်ရင်း ဘဏ်မှာအပ်နှံထားတဲ့ငွေတွေအတွက် မစိုးရိမ်ကြပါနဲ့၊ အဆင်ပြေသွားမှာပါလို့ နှလုံးစိတ်ဝမ်းငြိမ်းချမ်းဖို့ မေတ္တာစကားပါးလိုက်ပါရစေ။ ။

မှီငြမ်းကိုးကားစာရင်း

၁။ Liquidity Crunch (or) Liquidity Shortage and Bank Management in Myanmar, 2004၊ သုတေသနစာတမ်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၂။ ကျွန်တော်နှင့် ဘဏ္ဍာရေးပုံရိပ်လွှာ၊ လှထွန်း(စကားဝါမြေ)
၂၀၁၆ခုနှစ်၊ မတ်လ၊ ပထမအကြိမ် ထွန်းဖောင်ဒေးရှင်းဘဏ်စာပေကော်မတီ

၃။ 2020 Myanmar Statistical Year Book, Central Statistical Organization (CSO)

၄။ www.cbm.gov.mm

၅။ www.imf.org (IMF's International Financial Statistics – IFS)

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁၃**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ သူနာပြုများအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်-

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်အန်ဂျေလင်းနာ (အထက်တန်း သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၂ | ဒေါ်နန်းဆီနွမ်း(၂) (အထက်တန်း သူနာပြု) | ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီး | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၅၀၅-က |  |
| ၃ | ဒေါ်နွေးနွေးဖြိုး (သူနာပြု) | ကောလင်း ပြည်သူ့ဆေးရုံ | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | ဒေါ်အေးထွေး (သူနာပြု) | ရေး ပြည်သူ့ဆေးရုံ | ရေးမြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၅ | ဒေါ်နန့်စံကြူရီမိုး (သူနာပြု) | ငပုတော ပြည်သူ့ဆေးရုံ | ကျုံပျော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၆ | ဒေါ်ဖြိုးလဲ့မွန် (သူနာပြု) | တံတားဦး ပြည်သူ့ဆေးရုံ | တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | ဒေါ်နိုင်သဇင်နွယ် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | ဒေါ်သဥ္ဇာမွန် (သူနာပြု) | လက်ပံတန်း ပြည်သူ့ဆေးရုံ | လက်ပံတန်းမြို့၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | ဒေါ်ငုဝါလွင် (သူနာပြု) | သထုံ ပြည်သူ့ဆေးရုံ | သံဖြူဇရပ်မြို့၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၀ | ဒေါ်နန်းသန်းသန်းငွေး (သူနာပြု) | မြဝတီ ပြည်သူ့ဆေးရုံကြီး | မြဝတီမြို့၊ ကရင်ပြည်နယ် | ၅၀၅-က |  |

အဆိုပါအမှုဖွင့်လှစ်ထားသော သူနာပြုများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား CDM နှင့် CRPH လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၃**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအား ဆက်လက်ဖော်ထုတ်သိမ်းဆည်းလျက်ရှိရာ မေ ၁၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သရက်ကုန်းကျေးရွာနေ စံထူး (၄၂ နှစ်) (ဘ) ဦးအေးမောင်ကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်နေ ဇော်ဇော်အောင် (၁၉ နှစ်)(ဘ)ဦးတင်စိုးကို လက်လုပ်သေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

**တနင်္သာရီတိုင်းဒေသကြီး**

ထို့အပြင် ညနေ ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာနေ လွင်ပိုင်စိုး(ခ) ပန်းမော် (၂၁ နှစ် )(ဘ) ဦးသောင်းကြည်သည် လက်လုပ်သေနတ်ကိုင်ဆောင်ကာ ကျေးရွာအတွင်း ဆူပူအော်ဟစ်နေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လွင်ပိုင်စိုး(ခ)ပန်းမော်ကို ၎င်း၏နေအိမ်၌ လက်လုပ်ဂက်စ်သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**မွန်ပြည်နယ်**

အလားတူ ညနေ ၆ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်ခရိုင်တရားရုံး၏အမှုမှ တရားခံပြေးဖြစ်သူ ရေးမြို့နယ် ဟံဂံကျေးရွာနေ နိုင်ဟံသာ(ခ) ချစ်စိုး(ခ)အရွတ် (၅၆ နှစ်) သည် ဝဲရက်ကျေးရွာ၌ ရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနိုင်ရေး သွားရောက်ခဲ့ရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ နေလင်းဦး(၁၇ နှစ်)(ဘ)ဦးခိုင်တို့ နှစ်ဦးကို ဝဲရက်ကျေးရွာလမ်းပေါ်၌ 4 K/ 8960 4 Wheel Tiger ယာဉ်နှင့်အတူဖမ်းဆီးရမိခဲ့ပြီး ယာဉ်၏ နောက်ခန်းအတွင်းရှိ ဘေးလွယ်အိတ်အတွင်းမှ အမေရိကန်နိုင်ငံထုတ် 9 mm ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ 9 mm ကျည် ၂၉ တောင့်နှင့် 91 လက်ပစ်ဗုံးတစ်လုံး(စနက်တံပါ) တို့အား သိမ်းဆည်းရမိခဲ့သည်။



မြိုင်-ပခုက္ကူကားလမ်း၌ လက်လုပ်သေနတ်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများဖြစ်သည့် ဝင်းကျော်၊ ဇော်လွင်၊ ပိုင်ဦး။

**မကွေးတိုင်းဒေသကြီး**

ထို့အတူ ည ၇ နာရီ မိနစ် ၅၀ တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရပ်ရွာအေးချမ်းသာယာရေးအတွက် မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် အမှတ်(၃) ရပ်ကွက် မြိုင်- ပခုက္ကူကားလမ်းပေါ်တွင် အဆိုပါ ရပ်ကွက်နေ ပိုင်ဦး(၃၀ နှစ်) (ဘ)ဦးကောင်းပါ အမျိုးသားသုံးဦး စီးနင်းလာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ ၎င်းတို့သုံးဦးထံမှ လက်လုပ်လေသေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

**ရန်ကုန်တိုင်းဒေသကြီး**

အလားတူ မွန်းတည့် ၁၂ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျိုက်ထော်(မ) ကျေးရွာနှင့် တူးချောင်းကျေးရွာကြား တိုးမြစ်ကမ်းဘေးရှိ ရေမြောင်းအတွင်းမှ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

**ကယားပြည်နယ်**

အလားတူ မွန်းလွဲ ၁ နာရီခန့်တွင် ကယားပြည်နယ် ဖရူဆိုမြို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးရှေ့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မော်ချီး- လွိုင်ကော်ကားလမ်းအတိုင်းလမ်းလျှောက်လာသော ခေါ်လေကျေးရွာနေ ကားရ်လို(ခ) ခေါလီ(ခ)နဲ့နယ်(၂၀ နှစ်) (ဘ)ဦးမီကေးလယ်နှင့် ဘေဘူခေါ်ကျေးရွာနေ လှမောင်(ခ) ကျော်လှမေ(၂၀နှစ်) (ဘ)ဦးအန်တောညို့တို့ကို စစ်ဆေးရာကားရ်လို (ခ) ခေါလီ(ခ)နဲ့နယ် လွယ်ထားသည့် ကျောပိုးအိတ်အတွင်းမှ ဒီတိုနေတာ ၁၅ ချောင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သို့ဝှက်သိမ်းဆည်းထားရှိသူများနှင့် လက်ဝယ်ထားရှိသူကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကင်းမြို့နယ်ရှိ “ပို့ပို့”အာမခံစိန်ရွှေရတနာဆိုင်အား ခြောက်လှန့်လုယက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ကျူးလွန်ရာတွင်အသုံးပြုသည့် လက်နက်ခဲယမ်း၊ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ “ပို့ပို့” အာမခံစိန်ရွှေရတနာဆိုင်အား ခြောက်လှန့်လုယက်ခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ကျူးလွန်ရာတွင် အသုံးပြုသည့် လက်နက်ခဲယမ်း၊ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မေ ၉ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကင်းမြို့နယ် (၁၂) ရပ်ကွက်ရှိ “ပို့ပို့” အာမခံစိန်ရွှေရတနာဆိုင်အား အမျိုးသားသုံးဦး(စိစစ်ဆဲ) သည် အဖြူရောင်မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး ဆိုင်အတွင်းရှိ အရောင်းဝန်ထမ်းအမျိုးသမီးသုံးဦးကို ပစ္စတိုဟု ယူဆရသည့် သေနတ်ဖြင့် ချိန်ရွယ်ကာ ရေချိုးခန်းအတွင်းထည့်၍ ပိတ်လှောင်ထားခဲ့ပြီး အဆိုပါဆိုင်အတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၃၀ ကျပ်သားခန့်နှင့် ကောင်တာစားပွဲအတွင်းမှ ငွေကျပ်သိန်း ၄၀ တို့ကို လုယက်ယူဆောင်သွားခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

**ဖော်ထုတ်ဖမ်းဆီးရမိ**

အဆိုပါဖြစ်စဉ်တွင် လုယက်မှုကျူးလွန်ခဲ့သူများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တာဝန်သိပြည်သူတစ်ဦး၏သတင်းပေးပို့ချက်အရ ပြစ်မှုကျူးလွန်သူများမှာ အခင်းဖြစ်စဉ်က YGN 7E-7071 Suzuki Swift အဖြူရောင်ယာဉ်အား အသုံးပြုခဲ့ကြောင်း သိရှိခဲ့ရသဖြင့် အလုံမြို့နယ် လွှတ်တော်ဝင်းဂိတ်(၄)အနီး၌ ယာဉ်မောင်းဖြစ်သူ သဃ်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက်နေ ရဲကျော်အောင် (၃၃ နှစ်)(ဘ) ဦးအောင်ဆန်းနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိယာဉ်မောင်း၏ ထွက်ဆိုချက်အရ အခင်းဖြစ်ပွားသည့်နေ့တွင် မော်တော်ယာဉ်ကို သဃ်္ဃန်းကျွန်းမြို့နယ်(ဇ) မြောက်ရပ်ကွက်နေ ဖြိုးဝေလင်း(ခ)ကိုဂျက်(၂၉ နှစ်) (ဘ) ဦးချစ်ဝေစိုး အွန်လိုင်းအင်္ဂလိပ်စာ သင်ကြားသူနှင့် ညီညီလွင်(ခ) အငယ်ကောင် (၂၄ နှစ်) (ဘ) ဦးစန်းလွင်တို့နှစ်ဦးက နံနက် ၁၀ နာရီခွဲမှ ညနေ ၆ နာရီခွဲထိ ငှားရမ်းအသုံးပြုခဲ့ကြောင်း ထပ်မံဖော်ထုတ်ရရှိခဲ့သည်။

ဖော်ထုတ်ရရှိချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မေ ၁၂ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် သဃ်္ဃန်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက် အမှတ်(၉၄)နေ ညီညီလွင်(ခ) အငယ်ကောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနှင့်အတူ ဖြိုးဝေလင်း(ခ) ကိုဂျက်တို့နှစ်ဦးအား တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး နေအိမ်အိပ်ခန်းအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁ ပိဿာ ၂၇ ကျပ်သား ၁၁ ပဲ ၅ ရွေး၊ ပစ္စတိုသေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၅၀၊ သေနတ်တိုက်တံတစ်ချောင်းနှင့် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုသည့် လက်လုပ်ဗုံးတစ်လုံး၊ Handspeaker တစ်ခု၊ ခါတ်ငွေ့ကာမျက်နှာဖုံးနှစ်လက်နှင့် အခြားဆက်စပ်ပစ္စည်းများ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုးဝေလင်း(ခ) ကိုဂျက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ တစ်ရပ်ကွက်တည်းနေ ထူးဝေအောင်(ခ) တင်ထူးအောင် (၂၉ နှစ်) (ဘ) ဦးလှအောင်ပါ အမျိုးသားလေးဦးအား ဆူပူအကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များတွင် အသုံးပြုသည့် ဒီတိုနေတာသုံးခု၊ ယူရီးယားဓာတ်မြေဩဇာ တစ်ပြည်ခန့်၊ စကားပြောစက်နှစ်လုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။



(ဝဲမှယာ) ထူးဝေအောင်၊ အောင်ပြည့်စုံဦး၊ ဖြိုးဝေလင်း(ခ)ကိုဂျက်၊ ညီညီလွင်(ခ) အငယ်ကောင်၊ အောင်မျိုးထွဋ်၊ ထွန်းကောင်းစံ။

**အရေးယူဆောင်ရွက်**

ဖမ်းဆီးရမိသူများကို စစ်ဆေးဖော်ထုတ်ချက်အရ လုယက်မှုဖြစ်စဉ်တွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် သဃ်္ဃန်းကျွန်းမြို့နယ်နေ မင်းကိုဦး(ခ)ဘိုဘို (၃၀ နှစ်) (ဘ) ဦးထွန်းစန်းဦးပါ တရားခံအမျိုးသားသုံးဦးတို့သည် ထွက်ပြေးတိမ်းရှောင်လျက်ရှိပြီး ၎င်းတို့အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရမိထားသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂလှုပ်ရှားမှု၊ ဆန္ဒပြဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ဆောင်ရွက်နေသူများအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၃**

ဆူပူအကြမ်းဖက်မှုကို လိုလားပြီး နိုင်ငံ၏ အုပ်ချုပ်မှုယန္တရားပုံမှန်လည်ပတ်ရေးနှင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများက CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ကျန်းမာရေးဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ဘဏ်ဝန်ထမ်းများနှင့် အခြားဌာနဆိုင်ရာဝန်ထမ်းများကို ဖိအားပေး ခြိမ်းခြောက်ခြင်း၊ လှုံ့ဆော်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများ၊ ကျောင်းသား သမဂ္ဂလှုပ်ရှားမှုများ၊ ဆန္ဒပြဝါဒဖြန့်မှုများ၊ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ CDM လှုပ်ရှားမှု၊ ကျောင်းသားသမဂ္ဂ လှုပ်ရှားမှု၊ ဆန္ဒပြဝါဒဖြန့်မှုများနှင့် ဆူပူအကြမ်းဖက်မှုများတွင် အဓိကပါဝင်ဆောင်ရွက်နေသူဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဗျောတောဝရပ်ကွက် အောင်ခေမာလမ်းနေ မျိုးမင်းဦး (ဘ) ဦးသန်းမြင့်(ထားဝယ်နည်းပညာတက္ကသိုလ်-စတုတ္ထနှစ်)အား မေ ၈ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ညောင်ရမ်းတောင်ရပ်ကွက်ရှိ ဇမ္ဗူသီရိနာရေးကူညီမှုအသင်းရုံး၌ ဖမ်းဆီးထိန်းသိမ်းရမိခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅-က/၅၀၅(ဂ) အရ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အကြမ်းဖက်မှုများတွင်ပါဝင်ပြီး ဆူပူအကြမ်းဖက်သူများအား ငွေကြေးနှင့်ဆေးဝါးများ ထောက်ပံ့ပေးသူဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ အောင်သစ္စာရပ်ကွက်နေ ကလေးခရိုင် NLD ပါတီ ကော်မတီဝင် ဦးသန့်ဇင်လင်း (ဘ) ဦးကံရွှန်းအား ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ၎င်းပိုင်ဆိုင်သည့် ချမ်းမြေ့အောင်စည်ရပ်ကွက်ရှိ United စက်သုံးဆီအရောင်းဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




မျိုးမင်းဦး ဦးသန့်ဇင်လင်း

သတင်းစဉ်

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဦးထိပ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၀ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးသိန်း သည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက် (ကြာသပတေးနေ့)တွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့်**
**တရားရေးဝန်ထမ်းများ**
**ကရင်ပြည်နယ်တရားလွှတ်တော်**

### ရဟန်းဒါယကာကြီး
## ဦးမျိုးသန့်(အရာခံဗိုလ်-ငြိမ်း)
### အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၇)ရပ်ကွက်၊ ပြည်ရိပ်မွန်အိမ်ရာနေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း၊ ဦးဝင်းဇော်-ဒေါ်မြင့်သန္တာဦး (ဒု-ညွှန်မှူး၊ ပြည်သူ့လွှတ်တော်ရုံး)၊ ဒေါ်မြင့်စန္ဒာဦး (မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဦးပြည့်စုံကျော်(ခ)မျိုးမြင့်ဦး (စစ်မှုထမ်း-ငြိမ်း)၊ ဦးမျိုးမြင့်သူ (လ/ထညွှန်မှူး၊ လယ်ဝေးစည်ပင်အုပ်ချုပ်ရေးမှူး)-ဒေါ်အိန္ဒြေဦးတို့၏ဖခင်၊ မကေဇင်မျိုးမြင့်၊ မရွှန်း သစ္စာမျိုးမြင့်တို့၏အဘိုးသည် ၁၂-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၁ရက် (သော ကြာနေ့) နံနက် ၁၀နာရီတွင် နေပြည်တော်ကျေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဆရာမကြီး ဒေါ်လှထွေး(အငြိမ်းစား)
### ထားဝယ်မြို့
### အသက် (၉၈)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ အနောက်ရပ်ကွက်၊ မြို့တွင်းလမ်း၊ အမှတ် (၇၆)၊ မောင်မောင်ခိုင်(ခတ်ပုံတိုက်) နေ(ဦးစံဘ-ဒေါ်ချစ်မေ)တို့၏သမီးကြီး၊ (ဆရာကြီး ဦးဖိုးချစ်)၏ဇနီး၊ ဦးကျင်စမ်း-ဒေါ်အေးသန်း(တွဲဖက်ပါမောက္ခ-ငြိမ်း)၊ ဦးမောင်မောင် သန်း(တိုင်းမန်နေဂျာ-ငြိမ်း)-ဒေါ်မြသန်း(အထက်တန်းပြဆရာမ-ငြိမ်း)၊ ဦးအောင်ခိုင်(မူလတန်းကျောင်းအုပ်-ငြိမ်း)-ဒေါ်ငြိမ်းပို (အလယ်တန်းပြဆရာမ-ငြိမ်း)တို့၏ မိခင်၊ ဦးသိန်းဦး-ဒေါ်ရည်မွန်မွန်၊ ဒေါ်ရည်သန့်စင်၊ (ဦးသူရိန်မင်း)-ဒေါ်ယဉ်ယဉ်ဖြူ၊ ဦးပြည့်ခိုင်-ဒေါ်တိုးတိုးစံ၊ ဦးမင်းကျော်သူ-ဒေါ်အေးအေးမွန်တို့၏ချစ်လှစွာသောအဘွား၊ မောင်ဝေဘုန်းပြည့်၊ မမွန်ကလျာဦး၊ မောင်မင်းသန့်မောင်၊ မောင်မင်းသုမောင်တို့၏ချစ်လှစွာသောဘွားဘွားကြီးသည် ၁၃-၅-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၁၆-၅-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့၊ ဇဟာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒုအရာခံဗိုလ်အောင်ကြည်(ငြိမ်း)
### က.က.ကြည်း၊ သုတေသန တ.က.က/စရ (၃၉)
### အသက် (၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁)ရပ်ကွက်၊ မဟေသီလမ်း-၇၉၉(ခ)နေ (ဦးချစ်တင်-ဒေါ်ကျင်ဆိုင်) တို့၏သားကြီး၊ ဒေါ်မြင့်မြင့်ကြည်၏ခင်ပွန်း၊ (ဦးမောင်ဝင်း)-ဒေါ်ခင်ရီ၊ (ဦးဟန်ပို)-ဒေါ်အေးလေး၊ ဦးသိန်းထွန်း-ဒေါ်ခင်မေဦး၊ (ဦးတူး)- ဒေါ်လုံးတို့၏အစ်ကိုကြီး၊ ဒေါ်ချိုချိုမြင့်၊ ဒေါ်ခင်ခင်မြင့် (အမက-၁၀၊ ရန်ကင်း)၊ (ဦးတင်ကိုကို-ဒေါ်စန်းနွယ်၊ ဦးထွေးကိုကို-ဒေါ်ခိုင်ခိုင်ဇော်တို့၏ဖခင်ကြီး၊ မောင်သက်ထွန်းအောင်၊ မောင်အောင်ချိုဦး၊ မောင်ကောင်းမြတ်ကိုကိုတို့၏အဘိုးသည် ၁၂-၅-၂၀၂၁ရက် နံနက် ၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၁ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာမည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၁ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### အသက်(၈၂)နှစ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်-ဒေါ်အေးအေးတို့၏မိခင် ဒေါ်လှလှသည် ၁၀-၅-၂၀၂၁ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး(ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ)**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်လှလှ
### အသက်(၈၂)နှစ်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးငွေအောင်-ဒေါ်အေးအေးတို့၏မိခင်ဒေါ်လှလှသည် ၁၀-၅-၂၀၂၁ရက်တွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး(သတ္တုရေးရာ)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ရဟန်းဒါယကာကြီး
## ဦးမျိုးသန့်(အရာခံဗိုလ်-ငြိမ်း)
### အသက် (၈၃)နှစ်

ဦးမျိုးမြင့်သူ (လ/ထ ညွှန်ကြားရေးမှူး၊ လယ်ဝေးစည်ပင်အုပ်ချုပ်ရေးမှူး)-ဒေါ်အိန္ဒြေဦးတို့၏ဖခင်ကြီး ဦးမျိုးသန့်သည် ၁၂-၅-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လယ်ဝေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ ရက်(ကြာသပတေးနေ့) နံနက် ၁၁:၄၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများ**

# ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်အေးအေးသိန်း
## အသက် (၆၈)နှစ်

(ဦးစိန်လွင်-ဒေါ်သန်းညွှန့်)တို့၏သမီး၊ (ဗိုလ်မှူး ဇေယျကျော်ထင်သန်းညွှန့်-ဒေါ်ခင်လှ)တို့၏သမီးချွေးမ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နေ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၁ရက်(စနေနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် (ခုတင် -၁၀၀၀) ပြည်သူ့ဆေးရုံကြီး (နေပြည်တော်)အအေးတိုက်မှ နေပြည်တော် ကျေ့ကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈)နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက်(ကြာသပတေးနေ့) ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့်**
**အရာထမ်း၊ အမှုထမ်းမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက် (၆၈)နှစ်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းသည် ၁၃-၅-၂၀၂၁ရက် (ကြာသပတေးနေ့) နံနက် ၁၁:၄၄ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်**
**တရားလွှတ်တော်တရားသူကြီးများ၊ ရှမ်းပြည်နယ်အတွင်းရှိ**
**တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများ၊ အရာထမ်း၊ အမှုထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသိန်း
### အသက်(၆၈) နှစ်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်အေးအေးသိန်း အသက်(၆၈)နှစ်သည် ၁၃-၅-၂၀၂၁ ရက်(ကြာသပတေးနေ့)တွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

**ကချင်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊**
**ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊**
**တရားသူကြီးများနှင့် တရားရေးအရာရှိများ**

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

# မြန်မာ့စီးပွားရေးဘဏ်မှ အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်ပိုင် မြန်မာ့စီးပွားရေးဘဏ်သည် အများပြည်သူ၏ အပ်နှံငွေများကို လက်ခံထိန်းသိမ်းပေးပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အစိုးရဌာနများ အားလုံး ၏ ငွေစာရင်းများကို ထိန်းသိမ်းဆောင်ရွက်ပေးလျက်ရှိပြီး အငြိမ်းစား ဝန်ထမ်းများ၏ အငြိမ်းစားလစာများကိုလည်း တာဝန်ယူထုတ်ပေးလျက်ရှိပါသည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၂၁ ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲဖြင့် "ပြည်သူများအနေဖြင့် လက်ဝယ်ရှိငွေသားများကို လုံခြုံမှုအတွက် ဘဏ်များတွင် အပ်နှံလိုပါက အထူးကိစ္စရပ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ မေလ (၃) ရက်နေ့မှစပြီး ဘဏ်များတွင် ဘဏ်စာရင်းအသစ်များဖွင့်လှစ်၍ ငွေသားအပ်နှံ ထည့်သွင်းခွင့်ပြုမည်ဖြစ်ပြီး ထိုစာရင်းအသစ်မှ ငွေသားပြန်လည်ထုတ်ယူလိုပါက အပ်နှံငွေသားပမာဏအတွင်း ကန့်သတ်ချက်မရှိဘဲ ထုတ်ယူခွင့်ပြုမည်" ဖြစ်ကြောင်း သတင်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ အဆိုပါ သတင်းထုတ်ပြန်ချက်နှင့်အညီ မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ ပြည်သူများ ဘဏ်စာရင်းအသစ် ဖွင့်လှစ်၍ ငွေသားအပ်နှံမှုလုပ်ငန်းစဉ်များကို အဆင်ပြေ ချောမွေ့စေရန် အထူးဝန်ဆောင်မှု အစီအစဉ်တစ်ရပ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေလ (၁၇)ရက် (တနင်္လာနေ့) မှစတင်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ပါသည် -

(က) **အထူးဝန်ဆောင်မှု ဆောင်ရွက်ပေးမည့် နေရာ**
မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၁) ပထမထပ်
အမှတ် (၄၃/၄၅)၊ ပန်းဆိုးတန်းလမ်း
ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်းနံပါတ် - ၀၁- ၃၈၇၅၅၂ ၊ ၀၁-၃၇၉၃၅၁

*စာမျက်နှာ ၁၂ ကော်လံ ၁* ●

## ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပြည်သူသို့ မေတ္တာရပ်ခံပန်ကြားချက်**
**၁၃၈၃ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်**
**(၂၀၂၁ ခုနှစ်၊ မေလ ၁၃ ရက်)**

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လုံခြုံစိတ်ချ၍ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို သုံးစွဲနိုင်ရန်အတွက် နေ့ည မလပ်၊ ရာသီဥတု၊ အချိန်အခါမရွေး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်လက်၍လည်း အကောင်းဆုံး ဝန်ဆောင်မှုဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ကြိုးပမ်းဆောင်ရွက်ရာတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများ လုံခြုံစိတ်ချ၍ တည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်စေရန် နိုင်ငံပိုင်လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးများမှ လျှပ်စစ်ဓာတ်အားထုတ်လျက်ရှိသည့်အပြင် ပုဂ္ဂလိကပိုင်စက်ရုံများမှလည်း လျှပ်စစ်ဓာတ်အားများကိုဝယ်ယူ၍ ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၃။ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများထံမှရရှိသော ဓာတ်အားခများဖြင့် ပြည်သူများလိုလားနေသော တည်ငြိမ်ပြည့်ဝလုံလောက်သည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံပိုင်စက်ရုံများမှ ထုတ်လုပ်ရသကဲ့သို့ ပုဂ္ဂလိကပိုင် စက်ရုံများမှလည်း ဝယ်ယူဖြန့်ဖြူးပေးနေရသဖြင့် သုံးစွဲခဲ့သည့် လျှပ်စစ်ဓာတ်အားခများအား ပေးသွင်းမှသာလျှင် စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်ဝယ်ယူဖြန့်ဖြူးနိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအနေဖြင့် မိမိတို့သုံးစွဲခဲ့သော ဓာတ်အားခကျသင့်ငွေများကို လအလိုက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ပေးထားသည့် ရက်များမတိုင်မီ ပေးသွင်းရန်လိုအပ်ပါသည်။ ထိုသို့ပေးသွင်းရာတွင် Mobile Banking ဖြင့်လည်း ပေးသွင်းနိုင်ပါကြောင်းနှင့် သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိပါက လျှပ်စစ်ဥပဒေအရ လျှပ်စစ်ဓာတ်အားဖြတ်တောက် အရေးယူခြင်း မခံရစေရန် စေတနာဖြင့်အသိပေးနှိုးဆော်အပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**


## အချပ်ပို ၁၆ မျက်နှာပါရှိ

၁၄-၅-၂၀၂၁ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက် ရန်ကုန်တိုင်းဒေသကြီး မြို့နယ် ၄၅ မြို့နယ်၏ မဲစာရင်းများနှင့် မဲပေးခဲ့မှုအခြေအနေများကို စစ်ဆေးခြင်း အချပ်ပို ၁၆ မျက်နှာ ဖော်ပြပါရှိပါသည်။

**ကိုဗစ်- ၁၉ ကြောင့် ရပ်နားထားခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများ ပြန်လည်ကျင်းပမည်** စာ ၁၀

**ထိုင်းအကျဉ်းထောင်များတွင် ကိုဗစ်အစုလိုက်ကူးစက်မှုကြောင့် နိုင်ငံအတွင်း ကိုဗစ်ကူးစက်မှုမြင့်တက်လာ** စာ ၁၃

**မင်းတပ်မြို့ မြို့မရဲစခန်းနှင့် မြန်မာ့စီးပွားရေးဘဏ်တို့အား လက်နက်ကိုင်အကြမ်းဖက်သူများက လာရောက်ပစ်ခတ်တိုက်ခိုက်** စာ ၁၇


# ဆိုစီဒက်ကို အနိုင်ယူပြီး လာလီဂါချန်ပီယံဖြစ်ရန် နီးစပ်လာသည့် အေတီမက်

**စပိန်လာလီဂါပွဲစဉ် (၃၆) အဖြစ် မေ ၁၃ ရက် နံနက်ပိုင်းတွင် လာလီဂါ အမှတ်ပေးဇယား ဦးဆောင်သူ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့ ပွဲစဉ်ကို ဝန်ဒါမက်ထရိုပိုလီတာနိုကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အက်သလက်တီကိုမက်ဒရစ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

အေတီမက် အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိခဲ့သောကြောင့် ရမှတ် ၈၀ ရရှိပြီး အမှတ်ပေးဖလားဆွတ်ခူးရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာပြီဖြစ်သည်။ ထို့အပြင် အေတီမက်အသင်းသည် ဒုတိယနေရာမှ ဘာစီလိုနာအသင်းကို လေးမှတ်အထိ ဖြတ်ထားနိုင်ပြီး ရီးရဲမက်ဒရစ်အသင်းကို တစ်ပွဲပိုကစားထားပြီး ငါးမှတ်အထိ ဖြတ်ထားနိုင်ပြီ ဖြစ်သည်။

အေတီမက် အသင်းသည် ယနေ့ပွဲစဉ်တွင် ရလဒ်ကောင်း ပိုင်ဆိုင်နိုင်ရန်အတွက် အော့ဘလက်၊ ထရစ်ပီယာ၊ ဖီးလစ်ပီ၊ လော်ရန်တေး၊ ကိုကီ၊ ကာရက်စ်ကို၊ ကော်ရဲရား၊ ဆွာရက်ဇ်စသည့် အဓိက ကစားသမား အများစုဖြင့် ပွဲထွက်လာခဲ့သည်။ ပြိုင်ဘက် ဆိုစီဒက်အသင်းကလည်း ရီမိုရို၊ အိုယာဇာဘယ်၊ အီဆတ်၊ ပေါ်တူစသည့် အဓိက ကစားသမား အများစုဖြင့် ဦးဆောင်သူ အေတီမက်အသင်းကို ရင်ဆိုင်လာခဲ့သည်။

အေတီမက် အသင်းသည် လာလီဂါ အမှတ်ပေးဖလားကို ၂၀၁၃-၂၀၁၄ ခုနှစ်က (၁၀) ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ယခုနှစ်ရာသီတွင် (၁၁) ကြိမ်မြောက် ဆွတ်ခူးရန် နီးစပ်လာခဲ့ခြင်းဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ✻



အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် ရီးရဲဆိုစီဒက်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။